
# ကျော်ထူး

## ရေးကာထက်ပိုချစ်ကြတယ်

ဆောင်းပါးတိုများ



mgyoe.com



# ကျော်ထူး

## ရှေးကထက်ပိုချစ်ကြတယ်

ဆောင်းပါးတိုများ



648033243
Price : 1500.00
ရှေးကထက်ပိုချစ်ကြတယ်ဆောင်းပါး
TAD-Books & Arts

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၄၊ ဠန်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၅၀၀ ကျပ်

၈၀၈ · ၈၃

ရှေးကထက်ပိုချစ်ကြမယ်ဆောင်းပါးတိုများ
ကျော်ထူး-ရန်ကုန်၊စိတ်ကူးချိုချိုစာပေ၊ ၂၀၁၄၊
စာမျက်နှာ ၁၄၈၊ မျက်နှာ၊ ၁၂·၅ စင်တီ× ၁၈·၅ စင်တီ
(၁) ရှေးကထက်ပိုချစ်ကြမယ်ဆောင်းပါးတိုများ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ရှေးကထက်ပိုချစ်ကြမယ်

ဆောင်းပါးတိုများ

## ကျော်ထူး

ပထမအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ ရေးကထက်ပိုချစ်ကြတယ် ၁

– အမှတ်(၁) ၁

– အမှတ်(၂) ၆

– အမှတ်(၃) ၁၀

– အမှတ်(၄) ၁၅

– အမှတ်(၅) ၁၉

– အမှတ်(၆) ၂၄

– အမှတ်(၇) ၃၁

– အမှတ်(၈) ၃၆

– အမှတ်(၉) ၄၁

– အမှတ်(၁၀) ၄၆

– လူရွှင်တော်ကိုမော့စ်နဲ့ ဆုတော်ငွေအကြောင်းပြုရှ၍... ၅၂

– ကျော်ထူးနဲ့ရော တစ်ခါတစ်ခါ ၅၇

– တစ်ခါတုန်းက ဦးလေးမောင်နဲ့ စွပ်ပရား ၆၅

– အစဉ်အလာသမ္မာကြီးတဲ့ ဦးတိမ်ညွန့်နဲ့ ဦးစိန်ရိုး ၇၀


mgyoe.com

mgyoe.com


၂။ အပူလှိုင်းအောက်က မေတ္တာတရား ၇၄
၃။ ရွှေသရဖူ ၇၈
၄။ ကျော်ထူး စာရေးနေသည် ၈၅
– 'လူမိုက်နဲ့လူရွှင်တော်'နယ်တစ်နယ်မှာပေါ့ ၈၅
– ဂီတနဲ့ရုပ်ရှင် ၉၅
– အလုပ်သစ် ၁၀၁
၅။ ဇာတာတက်ခြင်း ၁၁၄
၆။ ပြည်တွင်းမင်းသား ၁၂၁
၇။ လိုင်စင် ၁၂၉
၈။ စကားနည်းဘမ်းကြည့်တာကောင်းတယ်
စကားနည်းဘမ်းကြည့်တာမကောင်းဘူး ၁၃၆
၉။ "အ" အကျွရာအကျိုးပေးပုံ ၁၄၁


◆

mgyoe.com

mgyoe.com

# ရှေးကထက်ပိုချစ်ကြတယ်



## အမှတ်(၁)

ရှေးကထက် ပိုချစ်ကြတယ်တဲ့–

အဲဒီစာသား စကားလုံးတွေက ယနေ့ ခေတ်ကျွန်တော်တို့ လူရွှင်တော်တွေအတွက်တော့ ဟုတ်မယ်မထင်ပါဘူး။ တကယ်လည်း မဖြစ်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ 'ကျီးဘုတ်ရှိသေ' ဆိုတဲ့ စကားက သည်နေ့ခေတ်မှာ ဘာလဲလို့ ပြန်တောင် အမေးခံရဦးမယ်။ ယမ်းမီးခြစ်ခေတ် မဟုတ်ဘူးလေ။ ဂက်(စ်)မီးခြစ် ခေတ်ခုခြစ်၊ ခုထတောက်နေတာ ခု ကျွန်တော်တင်ပြချင်တဲ့ အကြောင်းရာလေးကတော့ ဟိုတုန်းက လူရွှင်တော်ကြီးတွေ တစ်ဦးနဲ့တစ်ဦးဘယ်လောက် အတိုင်းအတာအထိ သည်းခံခွင့်လွှတ် ချစ်ခင်ကြတယ်ဆိုတဲ့ အကြောင်းရာလေးတစ်ခုရယ်ပါ။

သည်လိုခင်ဗျာ၊ တစ်ခေတ်တစ်ခါကလို့ဆိုပေမယ့် ယခု ကျွန်

mgyoe.com

mgyoe.com


တော်စာရေးနေသည့်အချိန်ထိပေါ့လေ။ ထိုပုဂ္ဂိုလ်လူရွှင်တော်ကြီးကတော့ ယနေ့တိုင် ပရိသတ်ရဲ့ ချစ်ခင်မှု၊ အားပေးမှု၊ လေးစားမှုတွေနဲ့အတူ စပေါ်ငွေအများဆုံး ပွဲညကြေးအများဆုံးဟု ပြောဆိုစမှတ်ပြုခံနေရပြီ။ မော်လမြိုင်ရဲ့ မွန်ပြည်နယ်မှာ ကြယ်တစ်ပွင့်အဖြစ် ရပ်တည်လှုပ်ရှားနေတဲ့ လူရွှင်တော်ကြီး ဦးဓာတ်စံရယ်ပါ။ ဆေးစက်ကျရာအရုပ်ထင်သူ၊ ဝမ်းစာအားဖြင့် ဓာတ်သေတ္တာမှောက်သဘောပါပဲ။ ရန်ကုန်လူ ဆိုသော်ငြားလည်းရေကြည်ရာ မြက်နုရာသဘောမျိုးနဲ့ နယ်ပေါင်းစုံမြို့ပေါင်းစုံသွားလာလှုပ်ရှား အနုပညာအားနဲ့ ဝမ်းစာဖြည့်နေသူတစ်ဦး။ သူကဓာတ်ခုံပေါ်တင် ရယ်စရာတွေပြောနေတာမဟုတ်ဘဲ ဓာတ်ခုံနဲ့မပတ်သက်သော အပြင်လောကမှာပါ ခပ်တည်တည်နဲ့ နောက်ပြောင်တတ်သူ၊ ဘယ်လောက်အထိ နောက်ပြောင်သလဲဆိုရင် တစ်ရက်မှာပေါ့။ လူရွှင်တော်တစ်ဦးကို နာရေးယပ်တောင်တွေ တစ်ပွေ့တစ်ပိုက်ကြီးနဲ့ရောက်လာပြီး–

"ဟော့ကောင်ရော့ ယပ်တောင်တွေ၊ တွေ့သမျှလူရွှင်တော်တွေ၊ အငြိမ့်ထောင်ဆရာ၊ ဓာတ်ထောင်ဆရာတွေ လိုက်ဝေလိုက်။ ဒါက မင်းလက်ဖက်ရည်ဖိုး၊ ဒါက လမ်းစရိတ်ဟုတ်ပြီလား"။ နာရေးယပ်တောင်တွေကို လက်ခံလိုက်တဲ့ လူရွှင်တော်က ယပ်တောင်ကိုဖတ်ကြည့်ပြီး–

"ဟာ အာစရိ ခြောက်စောင်းက မနေ့ကပဲ လမ်းမတော်မှာ ကသေးတယ်လေ။ ခုဘယ်လိုဖြစ်ရတာလဲ"

"ဟ နေ့မြင်ညပျောက်ဆိုတဲ့စကားက ဘာအဓိပ္ပာယ်လဲ၊ ပြန်မေးမနေနဲ့၊ ငါပြောသလိုသာလုပ်"

mgyoe.com

mgyoe.com

မဖြစ်နိုင်ဘူးလို့လည်းပြောလို့မရ။ မယုံတစ်ယုံနဲ့ လူရှင်တော်ကြီး ဦးခတ်စံကို မော့ကြည့်လိုက်တော့ အဝေးတစ်နေရာကို ငေးမောပြီး စိတ်လက်မချမ်းသာတဲ့ ပုံစံမျက်နှာပေးနဲ့–

“တောက် လူရှင်တော်တွေ နည်းရတဲ့ကြားထဲ ဖြစ်မှဖြစ်ရတယ်ကွာ၊ မိုးကျော်ရယ်”

အံကိုကြိတ်၍ တစ်ဦးတည်းပြောနေသော ဦးခတ်စံ . . .

“အာစရိ ခု ဒီယပ်တောင်တွေက အာစရိပိုက်ဆံနဲ့ စိုက်ထုတ်ထားတာပေါ့”။ မေးနေသော လူရှင်တော်ကို ပြန်မကြည့်ဘဲ ဆေးပေါ့လိပ်အတိုလေးကိုကိုက်ခဲပြီး အသာယာခေါင်းညိတ်ပြီး . . .

“ဟုတ်တယ်၊ ငါ့ပိုက်ဆံနဲ့ငါ ဒါနပြုလုပ်တာ။ ကဲ ငါသွားမယ် လူတွေ မကျန်စေနဲ့နော်”

“ဟုတ်ကဲ့ အာစရိ”

နောက်တစ်နေ့ လူရှင်တော်ခြောက်စောင်း ဦးမိုးကျော် (ဆိုနီနဲ့တွဲသော မိုးကျော်မဟုတ်ပါ) အိမ်သို့ ဇာတ်ဆရာ၊ အငြိမ့်ဆရာ၊ လူရှင်တော်၊ ကားဆွဲ၊ ခေါင်းဆောင်မင်းသား၊ မင်းသမီး၊ ယိမ်းသမ၊ ထမင်းချက်ပါမကျန်တဖွဲဖွဲနဲ့ ရောက်လာပါတော့သည်။

“ဟင် အသုဘပို့မယ့် ကားတွေလည်းမတွေ့ပါလား”

“ဟဲ့ စောသေးလို့နေမှာပေါ့”

“ဆေးရုံက တန်းချမှာ မဟုတ်ဘူးလား”

“သိဘူးလေ”

“ယပ်တောင်မှာတော့ ရေးထားတာပဲ၊ အသုဘချမယ့်အချိန်”

“ဟင် ကုလားဖျင်းလည်း မထိုးထားဘူး”

“သူ့အိမ်ကသေးတော့ ကျုပ်တို့ အပေါ်မတက်တော့ပါဘူး။

mgyoe.com

mgyoe.com

အိမ်ရှေ့မန်ကျည်းပင်အောက်ကပဲ စောင့်တော့မယ်”
“ဦးသိန်းဒီဘယ်လဲ”
“စောသေးတယ်လေ လက်ဖက်ရည်ဆိုင်ကို ခဏပြေးမလို့”
လူရွှင်တော်ခြောက်စောင်း ဦးမိုးကျော်ရဲ့ အိမ်ထဲကိုဝင်တော့ နောက်ပိုင်းမင်းသမီးတစ်ဦးက–
“အမလေး ကိုမိုးကျော်ရဲ့ လက်ခံထားတဲ့ပွဲတွေ ရှင်မလိုက်တော့ဘူးပေါ့နော်” ရင်ထဲက လှိုက်လှိုက်လှဲလှဲလုပ်သံမဟုတ်ဘဲ တကယ်အစစ်ကြီးလေသံနဲ့ငိုချလိုက်တာ ကပ်ပါလာတဲ့ ပရိသတ်တွေမနေနိုင်တော့ဘူး အားလုံးငိုကုန်ကြပြီး–
“ဘယ်လိုဖြစ်ရတာလဲ မိုးကျော်ရယ်၊ သူငယ်ချင်း။ မနေ့ညကပဲ လမ်းမတော်မှာ ကခဲ့ရသေးတယ်။ တစ်ဖွဲ့တည်း လုပ်ဖော်ကိုင်ဘက် လူရွှင်တော်တွေ၊ မင်းသားတွေ၊ မင်းသမီးတွေ ငိုယိုပြီးအိမ်ပေါ်ကို တက်လာကြတော့ အခန်းထဲမှာ ဗိုက်အောင့်လို့ ဆေးလူးပေးနေတဲ့လူရွှင်တော် ခြောက်စောင်း မိုးကျော်ရဲ့ဇနီးသည်က ကမန်းကတန်းပြေးထွက်လာပါလေရော–
“ဟဲ့ ဟဲ့ ငါတို့ကိုပြောပါဦး၊ ဘယ်လိုကဘယ်လိုဖြစ်တာတုံး”
“ဆေးရုံးမတင်ဘူးလား”
“ဘာရောဂါလဲ”
တစ်ယောက်တစ်မျိုး မေးပြီး ငိုသူကငိုနဲ့ဆိုတော့ ဗြုန်းစားကြီး လူရွှင်တော်ကတော် ကြောင်စီစီနဲ့ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘူး ဖြစ်နေတယ်။ လူသံတွေ၊ ဆူသံတွေကြောင့် မနေ့ညက အိပ်ရေးပျက်လို့ ဗိုက်အောင့်နေသော ဦးမိုးကျော် ခဏမှေးမယ်လုပ်တုန်း ဝုန်းခနဲအခန်းထဲက ပြေးထွက်လိုက်တော့–
mgyoe.com

mgyoe.com


"ဟာ အမလေး သရဲ သရဲ"

"ဟာ ဟော့မိုးကျော်ပြေး ဟ"

တစ်အိမ်လုံး ဆူညံ၊ တစ်ရပ်ကွက်လုံး ဖြောင်းဆန်ပြီး ပြေးသူပြေး၊ လဲသူလဲနဲ့ အကျိုးအကြောင်း မေးချင်လို့ လူရွှင်တော်မိုးကျော်က နောက်ကလိုက်လေ ပြေးလေနဲ့ တော်တော်လေးကြာတော့မှ လက်ဖက်ရည်ဆိုင်က ပြန်လာတဲ့ လူရွှင်တော်ဦးသိန်းဒိနဲ့တွေ့ပြီး အကျိုးအကြောင်းစုံလင်အောင် သိလိုက်ရတာကလူရွှင်တော်ဦးခတ်စံ လက်ချက် ပိုက်ဆံအကုန်ခံပြီး ဝါးယပ်တောင်တွေမှာ နာရေးကြော်ငြာကပ်၊ လမ်းစရိတ်အကုန်ခံပြီး နောက်ပြောင်လိုက်သောကိစ္စ။

မအေ နှမတွေစုံအောင် ဆဲဆိုနေသူက ဦးမိုးကျော်၊ ဝုန်းဒိုင်းကျဲသွားလို့ ကျိုးသွားသောကြမ်းတွေကို တူတစ်လက်နဲ့ လိုက်ရိုက်နေရသူက ဦးမိုးကျော်၏ဇနီး။

အပြန်လမ်းစရိတ်တွေ ဘယ်ကျရောက်ပျောက်မှန်းမသိတော့၍ မသေဘဲကွယ်လွန်သူအဖြစ် ရပ်တည်နေရသူဦးမိုးကျော်ထံ ငွေပြန်ချေး၍ ပေးနေရသူက ဦးမိုးကျော်၊ သို့သော် ဘယ်လိုပင်စိတ်ဆိုးစိတ်ဆိုးခဏတာရယ်ပါ။ သိပ်မကြာလိုက် အငြိမ့်စင်တစ်ခုပေါ်မှာ ရယ်ရယ်မောမောဖြင့် ပြန်ကနေသူတွေကတော့ ဦးခတ်စံ၊ ဦးမိုးကျော်တို့ပါပဲ။ ရှေးကထက် ပိုချစ်ကြမယ်လေ။ အဲဒါနဲ့ပဲ အဲဒါနဲ့ပဲပေါ့ဗျာ. . .

* * *

mgyoe.com

 mgyoe.com 

# အမှတ်(၂)

တစ်လှေတည်းစီး တစ်ခရီးတည်းသွားတဲ့ ဇာတ်တို့၊ အငြိမ့်တို့ ဆိုင်း တို့စသည်ဖြင့် ပြည်သူတွေကို ပျော်ရွှင်အောင် ဖျော်ဖြေနေကြသော အနုပညာရှင်တွေသည် ရေလမ်းပဲသွားသွား၊ ကုန်းလမ်းပဲ သွားသွား တစ်စုတစ်ဝေး တစ်ပျော်တစ်ပါးရယ်ပါပဲ။ အဲဒါက ဟိုတုန်းကပါ။ သည်နေ့ခေတ်မှာတော့ ဇာတ်ဆရာက ကိုယ်ပိုင်ကားနဲ့၊ မင်းသားက ကိုယ်ပိုင်ကားနဲ့၊ နာမည်ရလူရွှင်တော်တွေကလည်း ကိုယ်ပိုင်ကားနဲ့ ပွဲကမည့်မြို့ရွာကို ပွဲက ချိန်နီးမှရောက်လာတတ်ပါ တယ်။

စိတ်ထဲမှာ တထင့်ထင့်နဲ့ မျှော်နေရသူတွေကတော့ ပွဲငှား၊ ပွဲကန်ထရိုက်နဲ့ကျန်တဲ့ ဇာတ်သူ ဇာတ်သား၊ အဖွဲ့သားတွေပေါ့။ ပွဲညကြေးအားဖြင့်လည်း သိပ်မရ ရှာသူတွေ၊ မိုးတွင်းဆို အလုပ်မရှိ၊ ဟိုဟာပေါင် သည်ဟာပေါင် ငွေပေါက်မှ ပွဲကရင်းနဲ့ပြန်ရွေး ဇာတ် ဆရာဆီက ကြိုတင်ငွေစပေါ်တစ်ဝက်ဖဲ့ဆပ်၊ မိသားစုအတွက် တစ် ဝက်အိမ်ပြန်ပို့၊ မိမိကတော့ ဇာတ်အဖွဲ့၊ အငြိမ့်အဖွဲ့၊ ဆိုင်းအဖွဲ့က ကျွေးသော ထမင်းကိုဖြစ်သလိုစားနဲ့ . . .

သို့ပေမဲ့လည်း တစ်ယောက်နဲ့တစ်ယောက်ကတော့ ချစ်ခင် မပျက်ကြဘူး။ တစ်မြို့တည်းမှာ တစ်နေရာတည်းမှာ ၄–၅ ည လောက်ကပြီဆိုရင် ပြဇာတ်၊ အော်ပရာ၊ နောက်ပိုင်းတွေ မထပ်ရ အောင် နေ့ခင်းဇာတ်တိုက်ပေါ့။ အိပ်ရေးတွေကမဝ၊ ဇာတ်ထမင်း၊ ဇာတ်ဟင်းကလည်း ညံ့နေရင်သွားရောပဲ။ ဒါပေမယ့် တစ်ဦးနဲ့ တစ်ဦး ရှိတာလေးမျှဝေစားကြတယ်ဗျ။ ခုခေတ်တော့မသိဘူး နော်။

mgyoe.com

mgyoe.com


ကျွန်တော်ပြောတာ ဟိုတုန်းကပြက်လုံးဆိုလည်း လူရွှင်တော်ကြီး တစ်ဦးက နှစ်ပါးသွားမင်းသားပုဆိုးလဲနေချိန်မှာ 'ရှန်းဆိုရှန်းလိုက် ပါလား၊ ရှန်းဆို ရှန်းလိုက်ပါလား' ဆိုပြီး ဖင်ထိုက်လျက်ဒရွတ်တိုက် ရွေ့သွားနေတယ်။ အဲဒါကို ဘေးမှာထိုင်နေတဲ့ လူရွှင်တော် သို့ မဟုတ် မင်းသမီးတွေက–

"ကိုအဂ္ဂာ ဘာဖြစ်နေတာတုံး" လို့ တောက်မေးမေးရတယ်။ ခုနကရှန်းနေတဲ့ လူရွှင်တော်ကြီးက ဘာပြန်ပြောလဲဆိုတော့–

"အိမ်းနဲ့ကြမ်း ညှပ်နေလို့ပါဟာ" ပရိသတ်က ဝါခနဲပေါ့။ အဲဒီ မှာတင် စချင်နောက်ချင် ပြောချင်တဲ့ လူရွှင်တော်တစ်ဦးက မင်းသမီး တွေ ဘက်လှည့် မျက်စိတစ်ဖက်မှိတ်ပြပြီး ခုနက လူရွှင်တော်ပြော မည့်စကား ပြက်လုံးကို သူမပြောခင် ဦးအောင် ပြောချလိုက်ရောဗျ။

အလကားပါ အိမ်းနဲ့ကြမ်းနဲ့ ညပ်နေလို့မဟုတ်လား။ ကုန်ပြီလေ ပြက်လုံးမရှိတော့ဘူး။ ဒါနောက်ဆုံးပဲတဲ့။ ဘယ်လူရွှင်တော်တွေ သည်းခံနိုင်မလဲ၊ ဒါပေသည့် တစ်ဖက်လူရွှင်တော်ကလည်း နပ်တယ်။ ပက်ခနဲ ပြန်ပက်လိုက်တဲ့ အလုံးက–

"ဟုတ်တယ် ကြမ်းနဲ့ညပ်နေတာ မင်းမိန်းမလာဆွဲထုတ်ပေး မှရမှာ"တဲ့။ ပြီးတော့ သိပ်မကြာလိုက်ပါဘူး။ ဇာတ်ခုံရဲ့နောက်တိုင် ပုံကြားမှာ နှစ်ယောက်သား ထိုးကြ သတ်ကြရော မင်းသား၊ ဇာတ် ဆရာ၊ မန်နေဂျာ ဝင်ဆွဲမှ ပွဲကပြီးသွားတယ်။ ဟော မနက်မိုးလင်း တော့ လက်ဖက်ရည်ဆိုင်မှာ အတူတူထိုင်လို့ စိတ်ဆိုးတုန်းခဏ။ ပြီးတော့ ရှိပါသေးတယ်။ ကိုယ့်ဇာတ်ဆရာ၊ ကိုယ့်မင်းသားရဲ့ ကိုယ် ရေးကိုယ်တာအားနည်းချက်ကို တော်ရုံလူတွေ မပြောရဲပါဘူး။ ထုံးစံအတိုင်း နှစ်ပါးသွားမှာ ပြက်လုံးထုတ်ရတဲ့ လူရွှင်တော်တွေ

mgyoe.com

mgyoe.com

ပါပဲ။ သူ့ပြက်လုံးက–

"ပွဲကခါနီးပြီဆိုရင် ဇာတ်ရုံနောက်ပေါက်က လာပါပြီဗျာ။ နှင်းဆီပန်းတွေ စံပယ်ပန်းတွေကိုင်ပြီး မင်းသား ကိုစိုင်းမြတ်သူ၊ ကိုမျိုးကို၊ ကိုချစ်ကိုတို့နဲ့ မိတ်ဆက်ချင်လို့တဲ့ ကောင်မလေးတွေ။ အဲသူတို့လိုပဲ ကျွန်တော်တို့ ဇာတ်ဆရာ တွံတေးဦးသိန်းတန်ကိုလည်း မိတ်ဆက်မယ့်သူတွေလာပါတယ်" ပေါ့။ ဟော့...ဝေါ့...ထွီ ကိုရင်သိန်းတန် ဘယ်မလဲ နည်းနည်း တိုက်ချင်လို့ဟော့"အရက်သမားမူးနေတဲ့ ပုံစံလုပ်ပြတော့ ဇာတ်သမားတွေရော ဆိုင်းသမားတွေရော ပရိသတ်ရောရယ်ကုန်တာပေါ့။ ဦးသိန်းတန်သောက်တာ အားလုံးသိနေကြတယ်လေ။ အဲဒီလို ပြောရဲဆိုရဲတာ လူရွှင်တော်ကြီး ဦးရွှေဗိုလ်ပါ။ ဒါပေသည့် ဦးသိန်းတန်က စိတ်မဆိုးဘူး၊ ချစ်တာကိုး။

တစ်ခါတုန်းကလည်း လူရွှင်တော်ကြီး ဦးခာတ်စံပြောပါတယ် အခြားလူရွှင်တော်တစ်ယောက်ကို

"ဟော့ကောင် မင်းမနက်ဖြန်ညအားလား"

"ဟုတ်ကဲ့ အာစရိ"

"ဒါဆို ခုချက်ချင်း အိမ်ပြန်အဝတ်အစားနဲ့ အိပ်ရာလိပ်တွေ ထည့်"

"ညနေ ဖျာပုံသင်္ဘောဆိပ်ကို ဆင်းလာခဲ့။ ငါစောင့်နေမယ်"

"ဟုတ်ကဲ့"

ညနေစောင်းကျတော့ ခုနက လူရွှင်တော်အဝတ်အစားအိတ်တွေ၊ အိပ်ရာလိပ်တွေနဲ့ ကမ်းနားကို ရောက်ချလာရာ...

"ရော့ ဒါကသင်္ဘောလက်မှတ်"

"ဖျာခင်းမအိပ်နဲ့ သိက္ခာကျတယ်၊ ပက်လက်ကုလားထိုင်နဲ့အိပ်။

mgyoe.com

mgyoe.com

ဒါက ပက်လက်ကုလားထိုင်ဖိုး၊ ဒါကထမင်းဖိုး၊ သင်္ဘောပေါ်မှာ ထမင်းဆိုင်ပါတယ်။ ငါကိုယ်တိုင် လိုက်အပ်ပေးမယ်။

တကယ်ပဲ သင်္ဘော အပေါ်ထပ်ပွဲပိုင်းမှာဖွင့်ထားတဲ့ ထမင်းဆိုင် ကို ခေါ်သွားပြီး–

"ဒီမှာညီမရေ သူက လူရွှင်တော်ပေါ့၊ ဦးက ဦးဓာတ်စံပါ"

"သြော် စိန်ပိုးတီ၊ မြပိုးတီထဲကဦးဓာတ်စံဟုက်ကဲ့ရှင် ပြောပါ"

"အေးသူက ဦးမအားလို့ ဦးကိုယ်စားဖျာပုံမှာအငြိမ့်သွားကမှာ လေ။ သည်တော့ သူစားချင်တဲ့ ဟင်းတွေကို ပိုပိုသာသာဂရုစိုက် ထည့်ပေးပါလို့"

"ဟုက်ကဲ့ပါရှင်၊ စိတ်ချပါ၊ တော်ကြာပြက်လုံးထဲ ထည့်ပြက် နေမှာစိုးလို့ ကောင်းကောင်းဂရုစိုက်ပါမယ်"

"ကဲရော့ ဟိုရောက်ရင်သွားရမယ့်လိပ်စာ ဒါက ဆိုက်ကားခ၊ စိတ်ချမယ်နော်" သည်လိုနဲ့သင်္ဘောကတစ်ညလုံးမောင်းပေါ့။ ဖျာပုံ ကို ရောက်တော့ မိုမလင်းတလင်း ခုနက လူရွှင်တော် အဝတ်အစား ထုတ်တွေ အိပ်ရာလိပ်တွေနဲ့ သင်္ဘောပေါ်က တိုးဝှေ့ဆင်းပြီး ဆိုက်ကားဂိတ်ရောက်ရောဗျ။ ဆိုက်ကားဆရာတွေက–

"အစ်ကိုဘယ်သွားမလဲ"

"သည်မှာလိပ်စာဗျာ ပွဲသွားကမလို့"

သူပေးတဲ့လိပ်စာ စာရွက်ကို ဆိုက်ကားသမားတွေက တစ် ယောက်တစ်လှည့် လက်နှိပ်ဓာတ်မီးနဲ့ထိုးကြည့်ပြီး–

"အစ်ကို ရက်မှားလာတာလား ဒါမှမဟုတ် မြို့မှားလာတာ လား"

"ဟော့ ဘာဖြစ်လို့လဲ"

mgyoe.com

mgyoe.com

"သည်မြို့မှာအစ်ကိုပေးတဲ့ လိပ်စာမရှိဘူးဗျ။ ဘာပွဲမှလည်း မရှိပါဘူး"

"ဖုန်း.... တောက်"

အိပ်ရာလိပ်ကြီးပစ်ချ။ တောက်တခေါက်ခေါက်နဲ့ ချက်ချင်းကြီးထပြန်လို့လည်း ရတာမဟုတ်ဘူး။ ပြန်စရာလမ်းစရိတ်ကလည်း မရှိနဲ့၊ မိုးလင်းသည်အထိ သဘော်ဆိပ်ခုံ ဘောတံတားပေါ်မှာ လေကတဖြူးဖြူး ခြင်တွေကတလူးလူး၊ ပိုက်ဆံအကုန်ခံပြီး စလိုက်နောက်လိုက်တဲ့ ဦးခတ်စံမျက်နှာကြီးကို ပြေးပြေးမြင်ယောင်ရင်းနဲ့ အံကြိတ်နေသူက ခုနက လူရွှင်တော်ကြီး၊ မနက်မိုလင်းတော့ ပါလာတဲ့ ရှပ်အင်္ကျီတစ်ထည်၊ ပုဆိုးတစ်ထည်ကိုရောင်းပြီး လမ်းစရိတ်လုပ်ပြန်ခဲ့ရသည်။ သို့ပေမဲ့လည်း ခဏသာစိတ်ဆိုးဒေါသ ဖြစ်ပေသည်။

မကြာသော အချိန်ကာလ တရုတ်တန်း တရုတ်ဘုံကျောင်းပွဲမှာ သူတို့နှစ်ဦးကတော့ အငြိမ့်စင်ပေါ်မှာ အတိုင်အဖောက်ညီနေဆဲပါ။ ရှေ့ကထက်ပိုချစ်နိုင်ကြပါစေ။ အဲဒါနဲ့ပဲ အဲဒါပဲပေါ့ဗျာ။

* * *

## အမှတ်(၃)

ဟိုရှေးရှေးတုန်းကပေါ့။

ဇာတ်သမား၊ ဆိုင်းသမား၊ အငြိမ့်အဖွဲ့သားများဟာ နယ်ပေါင်းစုံမြို့ပေါင်းစုံမှာလှည့်ပြီး ဖျော်ဖြေရပါတယ်။ မိုးတွင်းဘက်ဆိုရင် အထက်မြန်မာပြည်ကိုတက် မိုးကုန်လို့ ပွင့်လင်းရာသီလေး ရောက်

mgyoe.com

ပြီလားဖြင့်ဆိုမှ ဖြစ်ပေါ့လေ။ ရန်ကုန်ပြန်ဆင်း မြစ်ဝကျွန်းပေါ်တွေ ဘက် ခြေဦးလှည့်ရပြန်ရော။ သည်တော့ကာ တစ်နှစ်ပတ်လည်လုံး အိမ်ရှိမိသားစုနဲ့ တွေ့ဆုံဖို့ရာ အင်မတန်ခက်ခဲလှပါတယ်။ တော်ရုံ သာရေး၊ နာရေးတောင် အိမ်ပြန်လို့မရပါဘူး။ ဟုတ်ကဲ့ တော်ရုံ သာရေးနာရေးဆိုတာက အင်မတန်မှအလှမ်းဝေးသော ဝမ်းကွဲတော် တော်များများရဲ့သာရေးနာရေးကိုဆိုလိုပါတယ်။

ဇာတ်ရုံရှိရာတည်နေရာသည် သူတို့အနုပညာသမားများ၏ အိမ်ပဲဖြစ်သည်။ ခင်ရာဆွေမျိုးဆိုသောစကားလုံးထက် မြင့်မယ်လို့တော့ ထင်ပါသည်။ နှစ်နဲ့ချီပြီးလက်တွဲလုပ်ခဲ့သောလုပ်ဖော်ကိုင်ဖက် ဒုက္ခ သုက္ခတွေကိုမျှဝေခံစားပြီး တစ်ဦးနဲ့တစ်ဦးအရမ်းကို ချစ်ခင်ကြပါတယ်။

အချို့တွေဆိုရင် ဥပမာပေါ့ နယ်တစ်နယ်ဘက်ကို ဇာတ်ကားကြီး ကားနဲ့ ပွဲကူးချိန် လမ်းတစ်နေရာမြို့တစ်မြို့မှာပေါ့။ ဘယ်သူ့ဇာတ် ဘယ်သူ့အငြိမ့်အဖွဲ့ကမည် ကြော်ငြာကပ်ထားတာတွေ့တာနဲ့ ဇာတ်ကားကြီးထိုးရပ် ခုနက ဖျော်ဖြေနေတဲ့ဇာတ်(သို့မဟုတ်) အငြိမ့်အဖွဲ့ပေါ့။ အဲဒီဇာတ်ရုံကို ရောက်အောင်သွားပြီး ထမင်းစားသူကစား၊ လက်ဖက်ရည်တိုက်သူကတိုက်၊ သက်ကြီးရွယ်အိုတွေကို အပြန်အလှန်ကန်တော့ကြနဲ့ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးကြီးကို တွေ့တွေ့နေရ ကြားနေရတော့ ပီတိတွေ ဖြစ်လိုက်တာ။

ကိုယ့်ဇာတ်ရယ် သူ့ဇာတ်ရယ် ကိုယ့်အငြိမ့်ရယ် သူ့အငြိမ့်ရယ် မခွဲခြားဘူး။ ကြုံတဲ့နေ့ ကြုံတဲ့နေရာမှာ နှစ်ပါးပဲဖြစ်ဖြစ်၊ အငြိမ့် ခန်းပဲဖြစ်ဖြစ်၊ နောက်ပိုင်းဇာတ်တော်ကြီးပဲဖြစ်ဖြစ် ဝင်ရောက်ကပြ ကြတယ်။ ဇာတ်ဆရာတို့ အငြိမ့်ဆရာတို့တွေက အိပ်ပျော်နေခဲ့လို့

mgyoe.com

 mgyoe.com 

မသိလိုက်ရပေမယ့် ကျန်တဲ့အနုပညာလုပ်ဖော်ကိုင်ဘက်တွေက လမ်းစရိတ်တွေဘာတွေ ဝိုင်းထောက်ပံ့ကြပါတယ်။

ပြီးတော့ ရှိပါသေးဗျာ။ ဟိုတုန်းကဇာတ်သမားတွေအငြိမ့်အဖွဲ့တွေ နယ်တွေမှာ သွားဖျော်ဖြေရင် သူတို့ကိုချစ်တဲ့ ပရိသတ်တွေက အိမ်လည်ခေါ် ထမင်းဖိတ်ကျွေး၊ ပွဲပြီး၍ ပြန်တော့ပဲ၊ ပြောင်း၊ နှမ်း၊ မြေပဲ စသည့်ဖြင့် သူတို့မြို့ရွာထွက်ပစ္စည်းတွေ လက်ဆောင်ပေးတတ်ကြပါတယ်။ ဇာတ်ကားကြီး အဲဒီမြို့ရွာကထွက်တော့လည်း လက်ကလေးတွေတပြပြ မျက်ရည်လေးတွေ တစမ်းစမ်းနဲ့ကျန်နေခဲ့ပြီး အနည်းလေးတစ်လလောက်က ပြောမဆုံးတော့ပါဘူး။

"ဟဲ့ ကောင်မရေ ညကနှစ်ပါးသွားကသွားတဲ့ မင်းသားလေးက ချစ်စရာလေးဟဲ့"

"နောက်ပိုင်းဇာတ်တော်ကလည်း ကောင်းပါ့အေ"

"ဟဲ့ဟဲ့ အော်ပရာထဲမှာ လူရွှင်တော်လုပ်သွားတာ ငါ့ဖြင့်အေ ရှုံပြင်ကိုကမန်းကတန်းထွက်ပြေးရတယ်။ အပေါ့တွေ မထိန်းနိုင်တော့ဘူး"

ဇာတ်သမားပြန်ရင်မှတ်သားစရာကျန်ရမယ်တဲ့။ ခုခေတ်ကျတော့ ဇာတ်သမားပြန်ရင် ကျန်ပါတယ်။ ဇာတ်ရုံထဲမှာ ကြွပ်ကြွပ်အိတ်တွေ၊ ဆီးထုပ်တွေ ဇာတ်ရုံဘေးပတ်ပတ်လည်မှာ အီအီးပုံတွေ။ သြော် ခုမှသတိရတယ် ကျွန်တော်ရေးမည့် အကြောင်းအရာလေး ရှေ့ကနည်းနည်းပျိုးလိုက်တာ အပင်ပေါက်တွေ တော်တော်များသွားတယ် ခွင့်လွှတ်ပါနော်။

သည်လိုဗျ ပုလိပ်မြို့မှာရှိတဲ့ ချည်မျှင်နဲ့ အထည်စက်ရုံ စံပြဆုရတဲ့နှစ်ပေါ့။ ခုနှစ်သက္ကရာဇ်တွေတော့ ကျွန်တော်မမှတ်မိတော့

mgyoe.com

ဘူး။ မမှတ်မိဆို ပြန်ပြောပြတဲ့ လူကြီးတွေတောင် တချို့မရှိကြတော့ဘူးလေ။ အဲဒီစကက်ရုံစံပြဆုရတော့ ဂုဏ်ပြုပွဲလေးတစ်ပွဲ ကျင်းပရောဗျ။ မင်းသမီးက ဆိုဗီယက်ပြန်နွဲ့နွဲ့စန်း။ နောက် ရှုမဝစန္ဒာစန်းအေး၊ လူရွှင်တော်ကြီးတွေက အဘဦးစပယ်ရှယ်၊ ဦးရွှေမှုား၊ ဦးပေါ်လေး(သူအငယ်ဆုံး)ဆိုင်းက ရွှာစားကျော် ပန်တျာစိန်တင်ငွေ၊ ဇာတ်ဆရာကဦးတင်မြင့်၊ မန်နေဂျာက ပွဲစားကြီးဦးသောင်းလှိုင်။

သည်လိုနဲ့ ပွဲကပြီးသွားပြီဆိုပါတော့။ လူရွှင်တော်ကြီးနှစ်ယောက်ကို ဇာတ်မန်နေဂျာကြီးက–

"အစ်ကိုတို့နှစ်ယောက်အတွက် ရန်ကုန်ပြန်ဖို့ရထားလက်မှတ် ဇာတ်ဆရာကိုတင်မြင့်က စီစဉ်ပေးထားပါတယ်"

"အေးလေကွာ ဒါဆိုပေးလေ ရထားလက်မှတ်"

"ဟုတ်ကဲ့ ခုပေးလို့မရသေးပါဘူး။ အစ်ကိုတို့နှစ်ယောက်ကို မန္တလေးလိုက်ပို့ပေးရပါမယ်။ ရထားထွက်ခါနီးမှလက်မှတ်ကိုယူပေးလိုက်ပါတဲ့။ ဒါက လမ်းမှာထမင်းစားဖို့ ထမင်းစရိတ်ပါ"

သည်လိုနဲ့ မန္တလေးဘူတာကြီးရောက်ပြီး ရထားထွက်ရန်အချက်ပေးသံကြားတော့မှ ခုနကမန်နေဂျာကြီးက အပြေးအလွှားရောက်လာပြီး–

"အစ်ကို အစ်ကို သည်မှာ ရထားလက်မှတ်"

"ဩော် အေးအေးကျေးဇူးပဲဟေ့ ကျေးဇူးဟာ" သိပ်မကြာလိုက်ပါဘူး၊ တောင်ငူဘူတာကိုရောက်တော့...

"ဒီကဦးလေး ကျွန်မတို့ ခုံဖယ်ပေးပါ"

"ဟာ သမီးတို့ရဲ့ ခုံနံပါတ်တွေ ပြန်ကြည့်ပါဦးကွဲ့"

mgyoe.com

 mgyoe.com


"သမီးတို့ကအရွယ်အရရော ပညာအရရော အကုန်ကောင်းပါတယ်။ ကဲ ဖယ်ပေးပါ"

"သမီးတို့ဦးတို့နှစ်ယောက်ကို သိလား"

"မြန်မာလိုကောင်းကောင်းပြောနိုင်တာကိုကြည့်ရင် ဦးတို့က မြန်မာလူမျိုးတွေဆိုတာ သိပါတယ်"

"ဟာ မဟုတ်ဘူးလေ ဦးပြောတာက ဦးတို့ကလူရွှင်တော်တွေ။ သူကစပယ်ရှယ်၊ ဦးကရွှေမှုံး"

"စပယ်ရှယ်တာတွေ ငါးမှုံးတာတွေ ကျွန်မတို့မသိပါဘူးရှင်၊ ခုံပဲ ဖယ်ပေးပါ" အဲဒီအချိန်မှာပဲ ရထားလက်မှတ်စစ်တွေရောက်လာတော့ လူရွှင်တော်ကြီးနှစ်ယောက် စူပွစူပွနဲ့ အထုပ်တွေဆွဲပြီး ရထားပေါ်ကဆင်းလာပြီး ဘူတာပလက်ဖေါင်းပေါ်မှာ ငုတ်တုတ်ကြီးတွေ ထိုင်နေတာကို မြင်ရမှာဖြစ်ပါတယ်။ ကောင်မလေးတွေက ရထားထွက်တော့ပြုံးစိစိနဲ့ လက်ကလေးတွေပြပြီး. . .

"စပယ်ရှယ်မှုံးကြီးတို့ သွားပြီနော်"

ဇာတ်ဆရာ ကိုတင်မြင့်က မဟာလူရွှင်တော်ကြီး နှစ်ယောက်ကို ချစ်လို့ စလိုက်တာလေ။ ရထားလက်မှတ်က မန္တလေး–ရန်ကုန် ဝယ်ရမည့်အစား မန္တလေး–တောင်ငူအထိပဲ ဝယ်ပေးလိုက်တာ။ သည်တော့ သူတို့စားမည့်ထမင်းဖိုးထဲက လက်မှတ်ပြန်ထပ်ဝယ်ပြီး ရန်ကုန်ကို ဆင်းခဲ့ရတော့တာပေါ့။ ရန်ကုန်လည်းရောက်ရော ဇာတ်ဆရာကိုတင်မြင့်က တဟားဟားနဲ့ ရယ်ရင်း တစ်ယောက်ကိုတစ်ထောင်ထပ်ထုတ်ပေးပါတယ်။ ချစ်လို့စတာလေ။ အဲဒီခေတ်က တစ်ထောင်ဆိုတာ မနည်းဘူးဗျ။

အဲဒါနဲ့ပဲ အဲဒါပဲပေါ့ဗျာ။ စာကြွင်း– ဦးပေါ်လေး ပြောပြချက်

mgyoe.com

mgyoe.com


အရ ရေးမိပါသည်။

* * *

# အမှတ်(၄)

၉.၁၁.၂၀၁၁ ရက်နေ့ကပေါ့။

သဘင်တက္ကသိုလ်ဟု ခေါ်ဆိုတင်စားနေရပါသော မန္တလေးရွှေနန်းတော်ကြီးကို ကျွန်တော်တို့အနုပညာညီအစ်ကိုများပါဝင်တဲ့ 'မျှော်စင်ကျွန်း' အငြိမ့်အဖွဲ့စုပေါင်းကထိန်မှာ ကပြဖျော်ဖြေရန် ရောက်ရှိသွားပါတယ်။ မန္တလာမင်းအဝေးပြေးကားအဖွဲ့ စုပေါင်း ကထိန်ခင်းကြတယ်လို့လည်းသိရပါတယ်။

မန္တလေးရောက်ရောက်ချင်း နီးစပ်ရာလေးတွေကို ကျွန်တော်စုံစမ်းကြည့်လိုက်တယ်။ ဘယ်နေရာ ဘယ်လမ်းမှာဘယ်ရပ်ကွက်မှာ အငြိမ့်တွေ 'က' နေလဲပေါ့။ ကျွန်တော် ကအငြိမ့်ကြည့်တာ ဝါသနာပါတယ်လေ။ သည်တော့ ကျွန်တော်တို့အဖွဲ့ ဖျော်ဖြေရေးပြီးဆုံးပြီဆိုတာနဲ့ အငြိမ့်ရှိတဲ့နေရာပြေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။

"မန္တလေးမှာ အင်း အငြိမ့်တွေသိပ်မရှိတော့ဘူး အစ်ကိုရ"

"ဟင်ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"အဲဒါတော့ ကျွန်တော်တို့လည်းမသိဘူးဗျ။ သေချာတာက တော့"

"အငြိမ့်အဖွဲ့ (၄)ဖွဲ့ပဲရှိတယ်လို့ ကြားတယ် ပြီးတော့ သည်ရက်ပိုင်း ဘယ်မှာ 'က' နေလဲတော့မသိဘူး။ သွားပြီ သုခပဲ အငြိမ့်ကြည့်

mgyoe.com

 mgyoe.com


ချင်သော အငြိမ့်လူရွှင်တော်  အငြိမ့်ကြည့်ခွင့်မရတော့။ ဇာတ်ကို မကြည့်ချင်၍မဟုတ်ပါ။ အငြိမ့်လောကမှလာသောကြောင့် အငြိမ့်ကိုပဲပို၍အားသာလို့ဖြစ်ပါသည်။ ဇာတ်နဲ့ ပတ်သက်၍လည်း ယခင်တုန်းကဆိုကျောင်းသားဘဝက မြေနီကုန်း ပဒုမ္မာဇာတ်ရုံမှာမိုးအလင်း လွယ်အိတ်ကိုခေါင်းအုံး၍ မလွတ်တမ်းကြည့်ခဲ့ဖူးပါတယ်။ ထို့အတူ ကျိုက်ခေါက်ဘုရားပွဲ၊ ကျိုက္ကလို့ ကျိုက္ကလဲ့ဘုရားပွဲ၊ ပဲခူးဘုရားပွဲပြီးတော့ ကျိုက္ကဆံကွင်းစသည်ဖြင့် ဇာတ်ပွဲကြီးတွေလိုက်လိုက်ကြည့်တတ်သလို မြို့ထဲက တရုတ်ဘုံကျောင်းတွေ လမ်းသွယ်တွေ လမ်းမတွေမှာကတဲ့ အငြိမ့်တွေလည်း လက်မလွတ်မျက်စိမလွတ်ခဲ့သလို ကျောင်းကဆရာ၊ ဆရာမ တွေရဲ့ကြိမ်လုံး ပြီးတော့ အဖေရဲ့ ကြိမ်လုံးတွေနဲ့လည်း မလွတ်ခဲ့ပါဘူး။ ဩော် မန္တလေးဆိုလို့ ခုမှသတိရလိုက်မိတယ်။ ကျွန်တော်တော့မမီလိုက်ပါဘူး။ လူရွှင်တော်အချင်းချင်းဆီက တစ်ဆင့်ကြားခဲ့ရတာလေလို့ ဖောက်သည်ချရေးခွင့်ပြုတော်မူပါ ပရိသတ်များခင်ဗျာ...

အဲ ခုနှစ်သက္ကရာဇ်တော့ အတိအကျမသိပါဘူး။ လူရွှင်တော်ကြီး ဗလွတ်ဗလွတ်ပေါက်ကျိုင်းလို့ခေါ်တဲ့ ဦးတိမ်ရောင်ကြီးနဲ့ လူရွှင်တော်ကြီး ဦးသိန်းဒီ(ပတ္တမြား) သူတို့နှစ်ယောက်အကြောင်းပါ။ ရှေးလူရွှင်တော်ကြီးတွေက တစ်ယောက်နဲ့တစ်ယောက်ကို အရမ်းချစ်ကြတယ်။ အရမ်းချစ်သလို 'စ' တဲ့နောက်တဲ့ နေရာမှာလည်း တဆုံးပါပဲ။ အဲအဖြစ်ကသည်လိုဗျ မန္တလေးမြို့မှာ ဇာတ်အဖွဲ့တစ်ဖွဲ့ကရောဗျာ။ အဲဒီဇာတ်ထဲမှာ လူရွှင်တော်ကြီး ဦးတိမ်ရောင်နဲ့ ဦးသိန်းဒီတို့ပါတယ်လေ။ ညဘက်ပွဲကပြီးတော့ ပွဲဈေးတန်းက လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ထိုင်နေတုန်း...

mgyoe.com

"သိန်းဒီ မင်းမှာ ပိုက်ဆံဘယ်လောက်ပါလဲ"

"ပါတယ်လေ လက်ဖက်ရည်ဖိုးရှင်းဖို့"

"ငါပြောတာက အဲဒါ မဟုတ်ဘူး"

"ဩော်ဟုတ်ပြီ ဒါကဈေးဖိုး ဒါကလက်ဖက်ရည်ဖိုး။ မိန်းမက ထုံးစံအတိုင်း အိပ်ပြီလေ သည်တော့ ဈေးသွားရမှာ ကျွန်တော့် တာဝန်"

"ဟော့ကောင်လိုရင်းပြော ခြံခတ်မနေနဲ့ ငါကပိုက်ဆံနည်းနည်း ချေးမလို့ဟာ ဘာတွေပြောနေမှန်းမသိဘူး"

"အစ်ကိုက ကျွန်တော့်ဆီက ချေးပြီး ဘာလုပ်မလို့တုံး"

"ဇာတ်ရုံနောက်က အိမ်မှာ ဝိုင်းကောင်းနေတယ်။ နည်းနည်း အိပ်ချင်ပြေ ပိုက်ဆံသွားပွားမလို့"

"ဟာ မလုပ်ပါနဲ့အစ်ကိုရာ၊ အိပ်ရေးကလည်း ပျက်နေတဲ့ ဥစ္စာ ကျန်းမာရေးပါထိခိုက်ကုန်ပါ့မယ်"

"သိန်းဒီ လျှာမရှည်နဲ့ ရှိသလောက်ပေးခဲ့၊ မနက်ဖြန် ညကြေး ရှင်းမှ ပြန်နုတ်၊ ဒါပဲ"

ဓိုးကနဲ ဇတ်ကနဲ ဦးသိန်းဒီ အိတ်ကပ်ထဲမှာ ပါလာသော ငွေ အချို့ကိုယူ၍ ဦးတိမ်ရောင်သုတ်ချေတင် ပြေးတော့သည်။ သို့သော် ထိုနေ့က ဦးတိမ်ရောင်ဟူသော လူရွှင်တော်ကြီး ကံမကောင်းပါ။ ဖဲဝိုင်း၌ ပါလာသော ပိုက်ဆံတွေရှုံးသည့်အပြင်....

"တစ်ယောက်မှ မလွတ်စေနဲ့ ဝိုင်းထား"

"ဖဲထုပ်ရော သက်သေခံ ငွေတွေပါသိမ်း"

"ရှူး သူတို့က ဘယ်သူတွေလဲ"

ခုတင်အောက် ဝင်ပုန်းနေသော လူတစ်ဦးအား သံသေတ္တာနှစ်

mgyoe.com

လုံးကြားက ဦးတိမ်ရောင်လှမ်းမေးလိုက်သည်။

"အဲဒါရဲတွေလေ ဘယ်နှမ.... ရိုးကသတင်းပေးလိုက်တယ် မသိဘူး"

"သိပါဘူးငါက ဇာတ်ထဲကရဲတွေတက်နောက်နေတယ်မှတ်လို့"

"ခင်ဗျားကလည်း အရေးထဲပြက်လုံးထုတ်နေသေးတယ်"

"ဟာဆရာ သည်မှာ နှစ်ယောက်ကျန်နေတယ်"

"ဖမ်းလေကွာ"

"ပြေးတယ်ကွာ"

"ဒုံး ... ဒုံး ... ဝုန်း ... ဝုန်း"

ဦးတိမ်ရောင်တစ်ယောက် တိုက်ခန်းရဲ့ ဝရန်တာမှာ ရဲနဲ့လိုက်တန်းပြေးတမ်းကစားလေပြီ။ ခြေထောက်ကဆင်ခြေထောက် ဖြစ်နေ၍ သိပ်မပြေးနိုင်။ ထိုစဉ်မှာပဲ ဈေးသွားပြီး ပြန်လာတဲ့ လူရွှင်တော်ကြီး ဦးသိန်းဒီက ဝုန်းဒိုင်းကျဲနေသော ငင်းတိုက်ကြီးကို မော့ကြည့်လိုက်တော့ဝရန်း သုန်းကားပြေးနေသော လူရွှင်တော်ကြီး ဦးတိမ်ရောင်နဲ့ ပြည်သူ့ရဲဘယ်နှစ်ပတ်တောင် ရှိနေသည်မသိ နှစ်ဦးစလုံး ချွေးတွေ ရွှဲနစ်နေသည်။ ပြေးရင်းလွှားရင်းနဲ့ ဦးတိမ်ရောင်က ဦးသိန်းဒီကို မြင်သွားသည်။ ထို့ကြောင့်–

"သိန်းဒီ အောက်ထပ်မှာ ရဲရှိလား"

ဦးသိန်းဒီက ဆွဲခြင်းလေးကိုလက်တစ်ဖက်ဆွဲပြီး ကျန်လက်တစ်ဖက်ကိုခါပြသည်။ လက်ဖြင့်အားမရသေးခေါင်းလေးပါထပ်ခါပြသည်။ ဦးတိမ်ရောင် ဝရန်တာကို ကျော်ခွတက်လိုက်ပြီအောက်သို့ ခုန်ချလိုက်တော့သည်။

"ဖုန်း အင့် တေပါပြီဗျာ"

mgyoe.com

mgyoe.com


တံခါးဝ၌ ရပ်နေသော ရဲနှစ်ယောက်အပေါ်သို့ တည့်တည့်မှ တကယ့်တည့်တည့် တော်ပါသေးရဲ့ အောက်ကလူနှစ်ယောက်ပေါ် သာ မကျခဲ့ရင် အနည်းလေးခြေလက်တော့ကျိုးမှာသေချာသည်။

“ခွေးမသား ... အား ... သိန်းဒီ၊ ငါ့ဘာသာ ဝရန်တာမှာပြေး နေရင် လွတ်နိုင်ရဲ့သားနဲ့ အဟီး ရက်စက်တယ် ရဲရှိနေတဲ့ နေရာ ကိုမှ တည့်တည့်ခုန်ချခိုင်းတယ်။ ပြောတော့ ရဲမရှိဘူးတဲ့ အဟီးဟီး”

သည်လိုနဲ့ ရဲဖမ်းသွားရော ညနေပိုင်းကျတော့ ဇာတ်ဆရာက အာမခံနဲ့ သွားထုတ်၊ ညပိုင်းကတော့ နှစ်ပါးသွားမှာ ဦးသိန်းဒီက မနက်ပိုင်း ကိစ္စတွေကို ပရိသတ်ကို ဖောက်သည်ချတော့ ဦးတိမ် ရောင်ကြီးက စပ်ဖြဲဖြဲမျက်နှာပေးနဲ့ ...

“တော်သေးတာပေါ့၊ ငါကအရင်တုန်းက လေထီးတပ်သား လုပ်ဖူးလို့”

အဲဒီညကတော့ နှစ်ယောက်သား အလဲအထပ်ပါပဲ။ ဦးသိန်းဒီက ချစ်လို့စလိုက်တာလေ။ ရဲကိုသွားအကြောင်းကြားတာသာ သိသွား ရင်တော့ အဲဒါနဲ့ပဲ အဲဒါပဲပေါ့ဗျာ။

* * *

## အမှတ်(၅)

မြန်မာ့ရုပ်မြင်သံကြား စမ်းသပ်ကာလ....

မိုင် (၅၀)ပတ်လည် အငြိမ့်တွေပဒေသာကပွဲတွေ ခေတ်စားချိန် ‘ဆိုနီ’ ‘မိုးကျော်’ ဟူသော လူရွှင်တော်စုံတွဲ ခေတ်အဆက်ဆက်က

mgyoe.com

mgyoe.com

အတွဲ လူရွှင်တော်ကြီးများစွာ ပေါ်ပေါက်ခဲ့ပါတယ်။ ဥပမာ ဦးရွှေဖျိုင်း၊ ဦးသာဂရ၊ ဦးရွှေငါး၊ ဦးကြုံတိုင်း၊ ဦးဒေါင်းရှိန်၊ ဦးဝါဓိ၊ ဦးဂျိုးဖြူ၊ ဦးသြဘာ၊ ဦးတောင်စိုး၊ ဦးသံချောင်း(အသံဝိဇ္ဇာ)၊ ဦးဆန်နီ၊ ဦးဆန်အုန်း၊ ဦးရာကျော်၊ ဦးပေါက်ခေါ၊ ဦးငွေမောင်း၊ မေတ္တာ၊ ကွမ်းသီး၊ မိုးဒီ(မူလပထမနံမည်မှာ ဒီမဟုတ်ဒိ)၊ မော့စ် (မူလနံမည် ငမော့)၊ ဦးသခ်ါ၊ ဦးပိုလို(မန္တလေး)၊ ဦးငှက်ကြီး၊ ဦးဒံပေါက်၊ ဦးတောင်ကြီး၊ ဦးဟိုတယ်၊ ဦးဓာတ်ဆီ၊ ဦးဓာတ်စံ(စစ်ကြိုခေတ် အတွဲ လူရွှင်တော်များဖြစ်တဲ့ မန္တလေး ဦးဓာတ်ရှင်၊ ဦးကြယ်ပြောင်၊ ဦးဓာတ်စိန်၊ ဦးဓာတ်မှန်၊ ဦးတောက်ထိန်၊ ဦးသိန်းဖေ၊ ဦးမင်္ဂလာ၊ ဦးစိန်မောင်၊ ဦးဝါဓိ၊ ဦးဒေါင်းရွှေ၊ ဦးလိမ္မော်၊ ဦးငွေတိုး၊ ဦးမြမန်း၊ ဦးကျော်လိ၊ ဦးသောင်းဒန်၊ ဦးရန်အောင်၊ ဦးမြသာ၊ ဦးတက်တိုး၊ ဦးစိန်ဝင်း၊ ဦးသိန်းတန်၊ ဦးသြဘာ၊ ဦးနီလာ၊ ဦးရွှေဖျိုင်း(ဝါးခယ်မ)၊ နောက်ရန်ကုန်လူရွှင်တော်များဖြစ်တဲ့ ဦးရွှေဖျိုင်း(ဟင်္သာတ)၊ ဦးကြီးညို၊ ဦးရွှေဖျိုင်း(မင်းလှ)၊ ဦးဇင်ယော်(ပြည်)၊ ဦးပေါ်လေး၊ ဦးစနေသား စသည့်ဖြင့် အတွဲများနဲ့ ပရိသတ်ကို ဖမ်းစားဖျော်ဖြေနိုင်ခဲ့သူတွေပါ။ ကျွန်တော် လက်လှမ်းမီသလောက်စုံစမ်းသိရှိသလောက် လေးတင်ပြလိုက်တာ ဖြစ်တဲ့အတွက် ကျန်ရစ်ခဲ့သော ဆရာလူရွှင်တော်ကြီးများနဲ့တကွ စိနီယာ၊ ဂျူနီယာ၊ နာမည်အထားအသိုများ မှားခဲ့ရင် လူငယ်တစ်ဦး၊ သားတပည့်တစ်ဦးကဲ့သို့ သဘောထားပြီး ခွင့်လွှတ်ပေးပါ။

ဟုတ်ကဲ့ ယခုတင်ပြမည့် အတွဲကတော့ ဦးဆိုနီနဲ့ ဦးမိုးကျော်တို့ နှစ်ယောက်ရဲ့အတွဲကိစ္စပါ။ သူတို့ နှစ်ဦးတစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်အထိ ချစ်တယ်၊ ခင်တယ်၊ အနစ်နာခံတယ်

mgyoe.com

mgyoe.com


ဆိုတာလေးကိုပရိသတ်များအား ဖောက်သည်ချပါတော့မယ်ခင်ဗျာ။ တစ်နှစ်ပေါ့ ရန်ကုန် လူရွှင်တော်တွေဖြစ်တဲ့ ဦးဆိုနီနဲ့ ဦးမိုးကျော် မန္တလေးမှာသွားပြီး အငြိမ့်ထောင်ပါတယ်။ မင်းသမီးကကျောက်ပန်း တောင်း ခင်သန်းနု၊ နဖူးပြောင်ပြောင် မျက်တွင်းချိုင့်ချိုင့်နဲ့ ဥပဓိရုပ် ကောင်းသော ဦးမိုးကျော်နဲ့ ထိုကျောက်ပန်းတောင်းသူ အိမ်ထောင်ကျ သွားပါတယ်။ ဘာကိုကြည့်၍ ကြိုက်သွားမှန်းတော့မသိ၊ တစ်ရက် အငြိမ့်ကြော်ငြာဝေါလ်ရှိထုတ်တော့ ...

"ဟေ့ကောင် မိုးကျော် မင်း ဒါကဘာလုပ်တာလဲ"

"အငြိမ့် ဝေါလ်ရှိလေ ပိုစတာ၊ ပိုစတာ မင်းမမြင်ဘူးလား၊ သောက်ကန်းရဲ့"

"မြင်တယ်လေ၊ မြင်လို့ မင်းကိုလာမေးတာ"

"မြင်ရင်ပြီးတာပဲ စောစောစီးစီးမူးနေလားလို့"

"ဘာကွ"

"ဖုန်း .... ဖုန်း"

ဦးမိုးကျော်ရဲ့ အင်မတန်မှပြောင်လက်နေတဲ့ မဟာနဖူးကို ဦးဆိုနီက ပိုစတာအလိပ်နဲ့ ရိုက်ပါလေရော။ လက်ဖက်ရည်ဆိုင်မှာ ထိုင်နေတဲ့ ပရိသတ်တွေကတော့ ဘာလဲဟ ဘာများမကျေနပ်လို့ လဲပေါ့။ ညကပဲ အရိုပ်မထွက်ဘုရားပွဲမှာ နှစ်ယောက်သား ပွဲက ခဲ့ပြီးတော့ ခုဘာတွေထဖြစ်နေတာလဲ ဟူသော ပုံစံတွေနဲ့ကြည့်နေ ကြလေရဲ့။

"ဟေ့ကောင်သူတောင်း စားဆိုနီ နာတယ်ဟ"

"နာရင်သေပေါ့ ဘယ့်နှယ်ဗျာ၊ ကျုပ်ကျတော့ သူတောင်းစား ဆိုနီတဲ့။ ခင်းကျတော့ တက္ကသိုလ်မိုးကျော်တဲ့၊ ဘာတက္ကသိုလ်လဲ

mgyoe.com

တက္ကသိုလ်ကျောင်းတောင် ရုပ်ရှင်ထဲမှာပဲ မြင်ဖူးတဲ့ ကောင်ကများ"

"ဟော့ကောင် ဒီထက်မနာ ချင်ရင်ရှေ့တိုးခဲ့၊ ပြီးတော့ မင်းရိုက်ထားတဲ့ ဟောဒီအငြိမ့်ပိုစတာပြန်ပြင်"

သြော် သည်တော့မှ ဘေးပရိသတ်က အငြိမ့်ပိုစတာ ဝေါလ်ရှိကို မကျေနပ်တာကိုးဟူ၍ လူသိသွားတော့သည်။ စပ်စုလိုသည့် ပရိသတ်တစ်ဦးက ...

"မှန်း ဘယ်လိုရိုက်ထားလို့လဲဗျာ"

"စာလုံးသတ်ပုံတွေမှားလည်း ကိုယ်အချင်းချင်း ဥစ္စာ၊ ခွင့်လွှတ်မှပေါ့"

"ဘာဗျ ဘာလို့ခွင့်လွှတ်ရမှာလဲ၊ ခွေးမသားထိပ်ပြောင်"

ဦးဆိုနီရယ် မျက်နှာတစ်ခုလုံး သဘော်ဆေးအနီရောင်ခွက်ထဲမှောက်လျက်လဲထားသည့် ပုံစံကြီးဖြင့် ခါးတောင်းကျိုက်ကာ ရှေ့တိုးလာပါတော့သည်။

"ကဲပါဗျာ ခဏလေး ကျွန်တော်တို့ကြည့်ပါရစေဦး"

"မကြည့်နဲ့ မကြည့်ကြပါနဲ့ အဟီးဟီး ထိပ်ပြောင်၊ နင်ကိုငါသတ်မယ်"

ဦးဆိုနီပြောရင်း ငိုပါတော့သည်။ အသားတွေကလည်း တဆတ်ဆတ်တုန်လို့နေသည်။ သူက မကြည့်နဲ့လို့ပြောလေ ပရိသတ်ကကြည့်ချင်လေဖြစ်သည်။ ဦးမိုးကျော်ကတော့ အရေးဟယ် အကြောင်းဟယ်ဆိုရင် အလွယ်တကူ ပြေး၍ရအောင် ခါးတောင်းကျိုက်၍ လက်ဖက်ရည်ဆိုင်ထဲမှ ကုလားထိုင်ခုံလေးများကို မသိမသာ ခြေထောက်ဖြင့်ဖယ်လို့နေသည်။ မျက်နှာကလည်း အမှားကြီးတစ်ခုကို ကျူးလွန်ထား၍ ခွင့်လွှတ်ပေးပါရန်ဆိုသော 'အခံ' ရုပ်မျက်နှာပေးနဲ့၊

mgyoe.com

mgyoe.com


ထိုအချိန်မှာပဲ ဦးဆိုနီပုဆိုးကျွတ်သွား၍ ကမန်းကတန်း ပြန်ဆွဲချိန်မှာ လက်ထဲက အငြိမ့်ဝေါလ်ရှိ ပိုစတာအလိပ်လေးကျသွားရာ ဦးရာလူတစ်ဦးက ကမန်းကတန်း ကောက်ယူဖြန့်ကြည့်လိုက်တော့–

"ဟား ဟား ဟီးဟီး အဟား ခွိးခွိး"

တံတွေးတွေ ဘာတွေသီးကုန်သည်အထိ ဝိုင်းရယ်ကုန်တော့သည်။ ဦးမိုးကျော်ကတော့ နေရာမှာ မရှိတော့။ ဘယ်အချိန်သုတ်ခြေတင်သွားသည်မသိ။ နောက်မှ အုတ်နီခဲတစ်လုံးကိုင်၍ လိုက်သူက ဦးဆိုနီ၊ အငြိမ့်ပိုဝတာ ဝေါလ်ရှိထဲမှာတော့ ဦးမိုးကျော်က နေကာမျက်မှန်တပ်ထားပြီး ခေါင်းလောင်းဘောင်းဘီဖြင့် ပါတိတ်အပွင့်ရှပ်လက်တိုဝတ်ကာလက်ပိုက်ထားပြီး သူ့ခြေထောက်အောက် ဘွတ်ဖိနပ်အနားတွင် ဦးဆိုနီပုံလေးအား ကျပ်စေ့အဝိုင်းဘာသာဖြင့် ဖော်ပြထားပြီး 'တက္ကသိုလ်မိုးကျော်တည်ထောင်သော' စားလုံးကြီးကြီးရေးကာ 'သူတောင်းစားဆိုနီလည်း ပါဝင်သည်ဟူ၍ ဖြစ်ပါသည်' မည်သို့ပင်ဆိုစေ နောက်ပြောင်စေကာမူ သူတို့နှစ်ဦးကတော့ သေမှလက်တွဲဖြုတ်သွားပါတော့သည်။

ဘယ်သူတွေဘာပြောပြော၊ ဘာတွေရေးရေး လူ့ရွှင်တော်ဟူသော ဝေါဟာရကို ကိုင်တွယ်ဖက်တွယ်နေကြသူများသည် ပုဂ္ဂလိကပိုင် မဟုတ် အများပိုင်သော ရယ်စရာ ချစ်စရာကောင်းသော မြန်မာဆန်ရေစပါးဖြင့် မကင်းကြသောလူများသာဖြစ်ပါသည်။ ရှေးမြန်မာရှင်ဘုရင်များ လက်ထက်တော်ကတည်းက အမတ်ကြီးဦးပေါ်ဦးသည်ဉာဏ်၊ ပညာ၊ ပါရမီ၊ တခ်ဏုပ္ပတ္တိဉာဏ်၌ အင်မတန်မှတော်သော ပညာရှင်ကြီးတစ်ဦးဖြစ်ပါသည်။ နန်းတွင်း၌ မှားနေသည် မှန်နေသည်များကို ပျော်တော်ဆက်၍ ဉာဏ်ပညာဖြင့် ထောက်ပြခဲ့

mgyoe.com

mgyoe.com

ပါသည်။ သည်တော့ကာရှေးလူရွှင်တော်ကြီး တွေ့ရှိခဲ့၍လည်း နောက်ထပ်မျိုးဆက်သစ် လူရွှင်တော်လေးတွေ ပေါ်ပေါက်ခဲ့ပါပြီ။ လူရွှင်တော်တွေသည် နိုင်ငံရေးသမားများ မဟုတ်ပါ။ အထက်ဖော်ပြခဲ့သလို နိုင်ငံ၏အားနည်းချက် အားသာချက်တွေကို ဟာသဖြင့် ရောစပ်ကာ ထောက်ပြခဲ့ခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့်လည်း ရှေးမြန်မာရှင်ဘုရင်များလက်ထက်တွင် လက်စွဲပျော်တော်ဆက် ဟူ၍ ပေါ်ပေါက်ခဲ့ရပါသည်။ ထို့ကြောင့် ပြည်သူချစ်သော အနုပညာရှင် ပြည်သူကိုချစ်သောဟာသပညာရှင်ကြီးများ၏ အကြောင်းအရာ ဟာသလေးများကို ကျွန်တော် ရှာဖွေစုဆောင်းလေ့လာ လက်လှမ်းမီသလောက် ဆက်လက်တင်ပြပေးပါမည်ဟူ...အဲဒါနဲ့ပဲ အဲဒါပဲပေါ့ဗျာနော်။(၃၀.၁၀.၂၀၀၉ သောကြာနေ့ တွင် နယ်ခရီး တစ်ခု၌ ဖျော်ဖြေရင်း ရုတ်တရက် ကွယ်လွန်သွားသော ဦးဆိုနီအား အမှတ်တရ ဂုဏ်ပြုရေးသားပါသည်)

* * *

## အမှတ်(၆)

နာရီအားဖြင့်–

နံနက် ၅း၀၀ နာရီကျော်စပြုလေးအချိန်

“ဒေါက် ဒေါက် ဒေါက်”

“ဟော့ဒကာ ဟော့ဒကာမတွေ မနိုးကြသေးဘူးလားကွ၊ တယ်လည်း ဝီရိယနည်းကြတာပဲ”

mgyoe.com

mgyoe.com


အိမ်ရှေ့မှ လူညံဆူသံတွေကြောင့် ညဉ်းပိုင်းက အငြိမ့်ကပြီး အိပ်ရေးပျက်၍ အိပ်ပျော်နေသော လူရွှင်တော်ကြီးဦးသံချောင်း ကမန်းကတန်းကုန်းရုန်းထလိုက်သည်။ အိပ်ချင်းမူးတူးဖြစ်နေတာ ကတစ်ကြောင်း၊ အငြိမ့်ပွဲအပြီးနီးစပ်ရာ မိုးအလင်းဆိုင်လေးမှာ တွယ်ခဲ့သည့် BE အရှိန်လေးကလည်းရှိနေတာကတစ်ကြောင်း ထိုအကြောင်းနှစ်ရပ် တွေ့ဆုံလိုက်ရသောကြောင့် လှမ်းသောခြေ လှမ်းတွေ ပုံမှန်မဖြစ်တော့ဘဲ–

"အမလေးသေပါပြီတော်"

ဖနီးသည်ကို ဘယ်တက်နင်းမိလိုက်သည်မသိ ခုနစ်အိမ်ကြား ရှစ်အိမ်ကြား ထအော်တော့သည်။

"ငါ့ကိုခွင့်လွှတ်ပါဟာ၊ အိမ်ရှေ့မှာဉည့်စာရင်းတွေများလားမသိ ဘူး။ ကမန်းကတန်းထလိုက်ရလို့ပါ"

"မူး မူးတယ်မပြောဘူးသေချင်ဆိုးကြီးက အားကျွတ်ကျွတ်" ပါးစပ်ကလည်းပြော ခြင်ထောင်ခြေရင်းက ယမ်းမီးခြစ်လေးစမ်း တစ်ဝါးဝါးနဲ့ လှမ်းယူလိုက်ပြီး မီးခွက်ထွန်းလိုက်သည်။

"ကဲ ရှေ့ကကြွ မိုးတောင်မလင်းသေးဘူး ဘယ်သေနာကျ ဉည့်သည်တွေ ရောက်လာပြန်လဲမသိဘူး။ ပွဲချိကကျဲရတဲ့ကြားထဲ"

လင်မယားနှစ်ယောက်ဗြစ်တောက် ဗြစ်တောက်ပြောပြီး တံခါး ကိုဆောင့်ကြီးအောင့်ကြီး ဖွင့်လိုက်တယ်ဆိုရင်ပဲ

"ဟယ်အရှင်ဘုရား ကန်တော့ ကန်တော့ ဘယ့်နှယ်ဆွမ်းခံချိန် လည်း မဟုတ်သေးပါဘူး"

"ဘာပြောတယ် ဒကာမ ဆရာတော်ကိုမနောက်ရဘူးလေ၊ မင်း တို့ကတဲ့ အငြိမ့်စင်ပေါ်မှာပဲ ပြက်လုံးထုတ်"

mgyoe.com

mgyoe.com


"တင်ပါ့ဘုရား ကြွပါဘုရား"

ကြွလာသော ဆရာတော် ငါးပါးထဲမှ ထိပ်ဆုံးက ဆရာတော်က အိမ်အတွင်းပိုင်းကို တစ်ချက်အကဲခတ်ကြည့်လိုက်ပြီး ....

"ဘယ့်နှယ်ဟာတွေတုံး ဘုန်းကြီးအရဏ်ဆွမ်းကပ်မယ်လည်း ပြောသေး ဘာတစ်ခုမှလည်း အဆင့်သင့်မဖြစ်ကြသေးပါလား လူ့ရှင်တော်ကြီးရဲ့ ဟေ့"

လူ့ရှင်တော်လင်မယားတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိသည်။

"ဟို... အရှင်ဘုရား တပည့်တော်နည်းနည်းလျှောက်ပါရစေ"

"လျှောက်လေကွယ် ဟဲ့ ဒကာမ ဖျာခင်းလေ၊ ဘယ်မလဲ စားပွဲခုံတွေ ရောခက်ပ"

"အရှင်ဘုရား အရှင်ဘုရားတို့ကို ဘယ်သူလာပင့်တာလဲဘုရား"

"ဟ ဘယ်သူရှိရမှာတုန်း၊ မင်းနဲ့တွဲကနေတဲ့ ဘာတဲ့ ခရမ်းချဉ်သီးဆိုလား၊ ပတ္တမြားဆိုလား၊ လူ့ရှင်တော်ပဲလေ သိန်းဒီဆိုတာ။ သူကနက်ဖြန်မနက် လူ့ရှင်တော်သံချောင်းရဲ့ မင်းအိမ်မှာ အိမ်တက်မင်္ဂလာ၊ အရဏ်ဆွမ်းကပ်ဖို့ လာလျှောက်လို့ ကြွလာတာပေါ့ကွ။ ဒကာသံချောင်းက ဝမ်းတွေသွားနေလို့ဆို ကိုင်းခုရော သက်သာသွားပြီလား"

သိလိုက်ပြီ လူ့ရှင်တော်အချင်းချင်း အချွန်နဲ့'မ' လိုက်လေပြီဟု ဟင်းခုမှတော့ မထူးတော့ဘူး။ ကမန်းကတန်းလမ်းထိပ်က မုန့်ဟင်းခါးဆိုင်ကိုပြေး၊ ကလေးတွေကိုနှိုး၊ လက်ဖက်ရည်တွေ မုန့်တွေ ပြေးဝယ်၊ ဖြစ်သလိုကြုံသလိုလေး၊ ဆရာတော်တွေကလည်း ...

"အေးပါ ဒကာသံချောင်းရယ်၊ မင်းမှနေမကောင်းတဲ့ဥစ္စာ ဘာ

mgyoe.com

mgyoe.com

ကပ်ကပ်ဖြစ်ပါတယ်။ အရေးကြီးတာက သဒ္ဓါတရား၊ ဘာသာတရားကို လက်ကိုင်ထားဖို့ပဲဟုတ်တယ်မို့လား"

"တင်းပါ့ဘုရား"

"အသောက်အစားတွေလည်းလျှော့၊ ကိုယ်က မိသားစုကို ဦးဆောင်နေရတာဟုတ်တယ်မို့လား ဒကာ"

"တင်ပါ့ဘုရား"

"ဘာရယ် ဘာရယ်ဒကာ ဘာတင်းတာတုန်း"

"ဟို ဟိုဝမ်းသွားချင်နေတာကို တင်းခံထားလို့ ရောပြီး လျှောက်မိတာပါဘုရား"

ပါးစပ်ကသာ တင်ပါ တင်ပနဲ့ မျက်လုံးထဲမှာတော့ လူ့ရှင်တော်ကြီးဦးသိန်းဒီရဲ့ မချိုမချဉ် မျက်နှာကြီးကို ပြေးပြေးမြင်ယောင်ရင်းခားနဲ့ခုတ်သတ်ချင်စိတ်တွေပေါ်နေသည်။ တော်ပါသေးရဲ့ ညဦးပိုင်းက အငြိမ့်ကပြီး ဇာတ်ဆရာက ညကြေးရှင်းထားပေးလို့သာပေါ့။ နို့မို့ဆို အချိန်မတော် အချိန်တော်ကြီးပုဆိုးပြေးပေါင်၊ ထဘီပြေးပေါင်နဲ့ အလုပ်ရှုပ်ကုန်တော့မှာ။ သည်ကြားထဲအပေါင်ခံတဲ့ မချစ်တင်က နိုးဦးမှ။ စိတ်ထဲမှာတော့ မနက်မိုးလင်းတာနဲ့ တွေ့ပြီပေါ့ သိန်းဒီရယ်ပေါ့လေ။ သည်ကြားထဲ ခြေရင်းခေါင်းရင်းအိမ်တွေက...

"ဗျို့ဆရာကိုသံချောင်း၊ ဘုန်းကြီးဆွမ်းကပ်တာလေးတောင် သံချောင်းမခေါက်ဘူးဗျာ။ ဘာလဲ တရားအတူနာရမှာစိုးလို့လား"

"မဟုတ်ပါဘူးဗျာ ဟားဘယ်လို့စပြောရမှန်းတောင် မသိတော့ပါဘူး"

"ဟဲ့ လက်ဖက်ရည်သွားမှာလေ သောက်နားတွေ ကန်းနေလား။ ဟိုမှာ နင့်လင်တွေ လာနေပြီ" မဲစရာမရှိတော့ နီးစပ်ရာ မိန်းမကို

mgyoe.com

mgyoe.com


ပဲ မဲတော့သည်။

ဆရာတော်တွေလည်း ပြန်ကြွသွားလေပြီ။ နီးစပ်ရာတွေက ဝင်လာမစဲ တသဲသဲပဲပေါ့။ ပွဲကထားလို့ အိပ်ရေးကမဝ ညဦးပိုင်းက သောက်ထားတဲ့ အရှိန်ကမပြေ ဒေါ်သတွေက ထွက်နဲ့ ထရံကြီးကို မှီ၍ တက်လာသမျှသော လူတွေကို မျက်ထောက်နီကြီးဖြင့် ကြည့်နေစဉ်မှာပင်–

“ဩော် အိမ်လခကျတော့ နေရွှေ့ညရွှေ့နဲ့ အလှူအတန်းကျတော့ ငါ့ကိုမဖိတ်ဘူး ဟုတ်လား”

အိမ်ရှင်ဖြစ်သူဒေါ်စိန် ဘယ်သူသံကြိုးရိုက်လိုက်သည်မသိ စိန်ဆေးပေါ့လိပ်ကြီး လက်ကြားညှပ်ကာ ဟောင်ဖွာဟောင်ဖွာပြောရင်း တက်လာတော့သည်။ ခက်တော့နေပြီ ရှင်းပြရအောင်လည်း ဘေးမှာ လူတွေနဲ့ ပွဲကထားသောညကြေးကလည်း တစ်ပြားမှမရှိတော့။

“လုပ်လေဗျာ အလှူလာတဲ့ လူတွေကို ဘာမှလည်း ချမကျွေးပါလား”

“ဟုတ်ပတော် ကျုပ်လှူတုန်းကများ ဒင်းတို့သားအဖတွေမျို လိုက်ဆို့လိုက်ကြတာမပြောပါနဲ့တော့”

ယူလိုက်တဲ့ပါဆယ်ချိုင့်ကြီး ချိုင့်ငယ်အသွယ်သွယ်နဲ့ ဟွန်း၊ အိမ်ကကျဉ်းကျဉ်း လူတွေကများများသည်ကြားထဲ ဖြတ်သွားဖြတ်လာအချို့က ဗြုန်းစားကြီး လူစုလူဝေးနဲ့တွေ့တော့ ‘နာရေး’ ထင်ပြီး...

“ဘယ်သူဆုံးတာလဲ”

“ဟဲ့ ဒါတေးသံရှင်ခင်မာချိုအငြိမ့်ထဲက လူရွှင်တော်ဘယ်သူ”

“သံပုန်းလေ အဲ သံချောင်းပါဟယ် အသားမည်းမည်း လူက”

mgyoe.com

mgyoe.com


ပုပု” သည်မှာတင် နောက်ဖေး မီးဖိုချောင်ထဲက ဓားမပြေးဆွဲပြီး ထွက်လာသူက–

“ဟာ ကိုသံချောင်း ဘာလုပ်မလို့လဲ၊ မစားနဲ့ဆို မစားတော့ပါဘူးဗျာ။ သောက်ကောင်မကလဲ၊ စောစောစီးစီး ဘာတွေ သွားပြောတာလဲ ကျွန်တော့်မိန်းမအစား ကျွန်တော်တောင်းပန်ပါတယ်ဗျာ နော်”

“ငါ ငါလည်း မသိလို့ အိမ်လခအကြောင်း ပြောမိတာပါဟယ်၊ ဟဲ့ ဟဲ့ ဆွဲကြပါဦး ငါက ချက်ချင်းထပြေးလို့မရဘူးဟဲ့”

“တိတ်ကြစမ်း သံချောင်းတစ်ချောင်းပဲရှိတယ်။ ကျွေးမယ် တစ်ရပ်ကွက်လုံးကိုကျွေးမယ်၊ ကြက်သား ဝက်သားတော့မဟုတ်ဘူးဟေ့ လူသတ်ပြီးလူသားချက်ကျွေးမယ်ဟေ့”

ဝုန်းဆိုပြီး အိမ်ရှေ့ပြေးထွက် လူတွေဝရုန်းသုန်းကားနဲ့ ထွက်ပြေး၊ လေ့ကားတွေကျိုးကျ သောက်ရေအိုးတွေပြုတ်ကျ၊ ခလုတ်တိုက်သူကတိုက်၊ ထဘီကျွတ်သူကျွတ်၊ ဖိနပ်ပြုတ်သူကပြုတ်၊ ခွေးတွေကဟောင်နဲ့ တစ်ရပ်ကွက်လုံး ဖြောင်းဆန်ကုန်တော့သည်။ လူ့ရှင်တော်ကြီး ဦးသံချောင်းက ဓားမတစ်ချောင်းနဲ့ ရှေ့ကပြေး၊ မိသားစုကနောက်ကလိုက်နဲ့ လူ့ရှင်တော်ဦးသိန်းဒီ အိမ်ရှေ့လည်း ရောက်ရော တံခါးကသော့ခတ်ထားသည်။ ပတ်ဝန်းကျင်ကို မေးလိုက်တော့ အမျိုးတွေရှိတဲ့ ကြည့်မြင်တိုင်ညဈေးကို မိသားစုလိုက်သွားကြသည်တဲ့။ သည်တော့ ဦးသံချောင်းခမျာ ကြည့်မြင်တိုင်ညဈေးကိုပဲဆက်လိုက်ရမလား၊ အိမ်ပဲပြန်ရကောင်းမလားဖြင့် တုန်ချီတုန်ချီဖြစ်ကာ ဓားမကို ခါးကြားထိုးလိုက်ပြီး ...

“တောက် ဒင်းကိုမသတ်ရဘဲ လက်နက်ကိုင်ဆောင်လို့ အဖမ်း

mgyoe.com

mgyoe.com


ခံနေရဦးမယ်။ လာပြန်မယ်မိန်းမ၊ သည်နေ့မတွေ့တော့လည်း နောက်နေ့ပေါ့ သိန်းဒီရယ် ဟင်း”

ဓားမခါးကြားထိုး၍ ပွစိပွစိဖြင့် ပြန်သွားရပါတော့သည်။ သိပ်မကြာသောကာလ ကြည့်မြင်တိုင် ငါးဈေးတွင် ဘုံကထိန်အလှူခြံအငြိမ့်ကနေသော ၎င်းတို့နှစ်ဦးအား တွေ့မြင်လိုက်ရသော ပရိသတ်အချို့က–

“ခုတော့လည်း သူမဟုတ် သလိုပဲနော်”

“အမလေးဟယ် လူရွှင်တော်ဒေါ်သ ဖြုတ်တစ်ကိုက်ပါ”

“လာ ဈေးရောင်းမကောင်းရတဲ့ကြားထဲ”

အဲဒါနဲ့ပဲ အဲဒါပဲပေါ့ဗျာ....

စာကြွင်း– စာဖတ်ပရိသတ်များ

ခင်ဗျာ–

ကျွန်တော်ယခုရေးနေသော ရှေးကထက်ပိုချစ်ကြမယ် ဆောင်းပါးလေးဟာ လက်ရှိ/ကွယ်လွန် စသည်ဖြင့် လူရွှင်တော်ကြီးများ တစ်ဦးနဲ့တစ်ဦး ဘယ်ရွှေ့ဘယ်မျှ စစ၊ နောက်နောက်၊ ပြောင်ပြောင် ဒေါသဖြစ်ခဏပါ။ ပြီးတော့ ပြန်တည့် ပြန်ချစ်ကြသည်ကိုသာ ဦးစားပေးရေးမိတာပါ။ သူတို့၏ အားနည်းချက် ငယ်ကျိုးငယ်နာတွေကို ပြန်လည်ဖော်ထုတ်ခြင်း မဟုတ်ပါဘူးလို့ ရိုးသားစွာ ဝန်ခံအပ်ပါသည်။

* * *

mgyoe.com

mgyoe.com


# အမှတ်(၇)

လုပ်သားကြေးမုံ၊ ဝဒီယာပြဇာတ်၊ ဂီတပဒေသာ၊ တစ်ခိုင်လုံး ရွှေရုပ်မြင်သံကြားအငြိမ့် စသည်ဖြင့် ထိုခေတ်အခါ၌ လူသိများ ပရိသတ်စိတ်ဝင်စားသော လူရွှင်တော်အတွဲမှာ လူရွှင်တော်ကြီး ဦးလေးမောင်နဲ့ ဦးစွပ်ပရားရယ်ပါ။ ဘယ်လောက်ထိ အတွဲညီပါ သနည်းဆိုရင် သွားအတူ၊ စားအတူ၊ သောက်အတူ၊ အဲ မတူတာ တစ်ခုပဲရှိပါသည်။ အဲဒါကတော့ ဦးလေးမောင်က စန်းအလွန်ပွင့် သည်။ ဟောတစ်ယောက် ဟောတစ်ယောက်ဖြင့် ဂီတနုတ်သင်္ကေတ ဖြင့် တင်စားရပါလျှင် 'ဒို' 'ရေ' 'မီ' 'ဖာ' လောက်ရှိသည်။

အဲ ဦးစွပ်ပရားကတော့ စန်းမပွင့်ပုလင်းအဖုံးပဲပွင့်သည်။ ဒါလေးပဲကွာပါသည်။ ကျန်တာအားလုံးစိတ်တူကိုယ်တူ တစ်ရက် မှာတော့ ဦးစွပ်ပရား၏ အမျိုးသမီးက ညဦးပိုင်းအငြိမ့်ကထားသော လည်ကတုံးရှပ်အင်္ကျီနဲ့ တိုက်ပုံတွေလျှော်ဖွတ်ရင်း တိုက်ပုံအင်္ကျီထဲ မှာ 'အဖော်' တစ်ခုကိုတွေ့လိုက်ရသည်။ သူမကလည်း အလွန်ရိုး ပါသည်။ ၎င်းပုတ်သင်ညိုအဖော်လိုသူ ယောကျ်ားဦးစွပ်မိတ်ကပ် လိမ်းရာ၌ အသုံးပြုသောပစ္စည်း တစ်ခုဟုမှတ်ယူပြီး ဘုရားစင်ဘေး အမြင့်တစ်နေရာ၌ သိမ်းထားလိုက်သည်။ ထိုကိစ္စကိုဖန်တီးသူက ဦးလေးမောင်–

"ဟောကောင်ကုလား မင်းအိမ်ပြန်တော့ မင်းမိန်းမနဲ့ပြဿနာ မတက်ဘူးလား"

"ဘာဖြစ်လို့ တက်ရမှာလဲကွ၊ ငါက ညကြေးအပြည့်ပြန်ပေးတဲ့ ဥစ္စာ မင်းလိုများမှတ်လို့"

mgyoe.com

mgyoe.com

"ဟာတကယ် ဘာပြဿနာမှ မတက်ဘူး။ နေစမ်းပါဦး မင်းမိန်းမက နယ်တို့ မြို့တို့က ပွဲကပြီး ပြန်လာရင် အဝတ်အစားတွေ ဘာတွေမစစ်ဘူးလား"

"ဘာလို့စစ်ရမှာလဲ"

"ဟော့ ငါမနေ့ညတုန်းက မင်းတိုက်ပုံထဲကို အဝှါ အဖော် အဖော် ပုတ်သင်ညိုထည့်ပေးလိုက်တယ်ကွ"

"ဘာပြောတယ် ဟာ ပြဿနာပဲ ဟန်တင့်ရာ"

ဦးစွပ်ပရား အိမ်သို့ သုတ်ခြေတင်ပြေးတော့သည်။ အိမ်ရောက်ရောက်ချင်းမျက်နှာပိုးသတ်၍ ခပ်တင်းတင်းထားကာ ရှုတည်တည်ဖြင့် ဇနီးသည်အား .....

"ဟဲ့ ငါ့အဝတ်အစားတွေ လျှော်လိုက်ပြီလား"

"ဟုတ်တယ်လေ လျှော်လိုက်ပြီ ဘာဖြစ်လို့လဲ သည်ညပွဲရှိလို့လား ခြောက်ပါတယ် စိတ်မပူပါနဲ့"

သူ့မိန်းမမျက်နှာကို အကဲခတ်ကြည့်လိုက်တော့ ခပ်အေးအေး၊ တော်ပါသေးရဲ့ ဘာမှမတွေ့ဘူးနဲ့တူပါတယ်ပေါ့လေ။

"အဟင်းဒါနဲ့ အဝတ်အစားတွေလျှော်တော့ ဘာတွေ့သေးလဲ"

"ဩော် တွေ့တယ် တွေ့တယ် ပျော့စိပျော့စိနဲ့ အနံ့လေးကလည်း မွှေးတေးတေးနဲ့ ဟိုဘက်က စင်ပေါ်မှာသိမ်းထားပေးတယ် ကလေးတွေ ယူဆော့ပစ်မှာစိုးလို့။ ဒါလေးမေးတာများ ဒေါသမျက်နှာနဲ့ဟွန်း သွားယူပေးရမလား"

"ဟာ နေနေ ငါဘာသာ ငါသွားယူမယ်၊ တောက် ဟိုကောင်ကွာ"

"ဟင်ကိုလေးမောင် ဘာဖြစ်လို့လဲ"

mgyoe.com

"သြော်ဘာမှမဖြစ်ဘူး ဒီမျက်ပြူးက တောင်းထားလို့"

တော်ပါသေးရဲ့ ဟူသော မျက်နှာပေးနဲ့ ပြန်ထွက်သွားပြီး အရက်ဆိုင်ရောက်တော့မှ မအေတွေ နှမတွေနဲ့ကိုင်တုတ်တော့သည်။ ဦးလေးမောင်ကတော့ မျက်လုံးကြီးပြူး နှုတ်ခမ်းကြီးတွဲနေကာ အသောက်စားမပျက် တဟဲဟဲနဲ့ သူစလိုက်သည့်ကိစ္စက လင်မယားချင်းကွဲသွားနိုင်သည်။ ဟောနောက် တစ်ခါပြဿနာတစ်ခုက...

"သေချင်းဆိုးကြီးတွေ တက်ခဲ့စမ်း၊ သတ္တိရှိရင် ဘယ်နှယ်တော် ကိုယ့်အသက်ရွယ်မှ အားမနာဘူး။ တဏှာရူးတွေ ဟေ့တက်ခဲ့လေ။ ဘာခုမှ ကြောက်နေတာလဲ၊ ဟောဒီမှာ ဓားတွေ့လား"

"လေးမောင် ငါဘာဆက်လုပ်ရမှာလဲ၊ မင်းလုပ်တာနဲ့ ငါအိမ်ပေါ်ပြန်တက်လို့မရတော့ဘူးကွ။ ဒုက္ခပါပဲကွာ လိုင်းခန်းတွေ အားလုံးနိုးကုန်ပြီ"

ထိုစဉ်က ဦးစွပ်ပရားတို့ မိသားစုမှာ ချည်မျှင်နဲ့အထည်စက်ရုံ လိုင်းခန်းလေးမှာ နေရချိန်ဖြစ်သည်။ အိမ်ရှေ့လမ်းမပေါ် ပလက်ဖောင်းဘေး၌ ငုတ်တုတ်မေ့နေသူတွေက နာမည်ကြီး လူရွှင်တော်နှစ်ဦးဖြစ်တဲ့ ဦးလေးမောင်နဲ့ ဦးစွပ်ပရား။ အချိန်က ည ၁း၀၀ နာရီကျော်ကျော် ဖြတ်သွားဖြတ်လာကားအချို့ပေါ်က လူတွေမြင်သွားပြီး။

"ဟေ့ လူရွှင်တော်ကြီးတွေ မအိပ်ကြသေးဘူးလား"

"အံမယ် ခွင်ဆင်နေတယ် ပေါ့လေ"

သည်လိုနဲ့ တစ်ညလုံး ပလက်ဖောင်းပေါ် ငုတ်တုတ်ထိုင်နေရပါတော့သည်။ ထိုကဲ့သို့ ထိုင်ရခြင်း၊ ဓားကြိမ်း ကြိမ်းခံရခြင်း အကြောင်းရင်းကတော့။—

mgyoe.com

 gyoe.com 

"ကုလားရေ တံခါးဖွင့်ပါဦးဟာ"

"ဘယ်သူလဲ အချိန်မတော်ကြီး"

"ရှူးတိုးတိုး မိန်းမခိုးလာလို့"

"မင်းကတော့ လုပ်လာပြန်ပြီ"

မိန်းမခိုးလာသည်ဆိုတော့ အိမ်အတွင်းခန်းထဲက ကလေးတွေကို တစ်ယောက်ပြီးတစ်ယောက် ခြင်ထောင်ထဲက ပွေ့ထုတ်၊ ဘုရားစင်ရှေ့ သင်ဖြူးဖျာလေးခင်း၊ မိသားစုလိုက် အိပ်မယ်ပေါ့။ မိန်းမခိုးလာတဲ့ ဦးလေးမောင်တို့စုံတွဲအိမ်အတွင်းခန်းမှာ အိပ်ရအောင်လို့လေ။ ကဲ ဘယ်လောက်ချစ်လိုက်ကြတဲ့ လူရွှင်တော်တွေလဲ။ အချို့ဆို နတ်အုန်းသီးနတ်စင်ရှိလို့ ရိုးရာကိုင်မှာစိုးလို့ ဘာတို့နဲ့ လင်စုံမယားဖက် ညအိပ်ညနေလက်မခံချင်ကြဘူးလေ။ သူတို့ လူရွှင်တော်ကြီးတွေနဲ့တော့ကွာပဲ။ ကဲ ဘယ်လောက်အထိ ချစ်ကြသနည်းဆိုတာကို ဆက်ဖတ်ကြည့်ကြပါဦး။

"ကောင်မလေး ပုံက မဟုတ်သေးပါဘူး။ လက်သည်းနီ၊ နှုတ်ခမ်းနီတွေနဲ့ ပြီးတော့ စီးကရက်ကလည်းသောက်သေးတယ်။ တစ်ခုခုတော့ တစ်ခုခုပဲ"

ကျန်သည့် နေရာတွေမှာသာ မလည်ချင်နေရမယ် သည်တစ်ချိမှာတော့ ဦးစွပ်ပရားမိန်းမက တစ်ကွက်ကျော်မြင်နေပုံရသည်။ သည်လိုနဲ့ ညအိပ်ကျရောဆိုပါတော့။

"ရှူးကုလား၊ ကုလားမင်းဝင်ဦးမလား"

အိပ်ပျော်ချင် ဟန်ဆောင်နေသော ဦးစွပ်ပရား၏ ခြေမကိုလှမ်းလှုပ်နှိုးနေသူက ဦးလေးမောင်၊ ဦးစွပ်ပရားမသိမသာဖြင့် ထရန်ကြံလိုက်သည်။

mgyoe.com

mgyoe.com


"အင်း ကလေးတွေ ကျောင်းတက်ရဦးမယ်"

ဦးစွပ်ပရား မိန်းမက ယောင်ပြီး ပြောသယောင်ဖြင့် ဦးစွပ်ပရားဘက် လူးလွန့်လှည့်လာပြီး ရင်ဘတ်ပေါ်လက်တင်ထားလိုက်သည်။ ဦးစွပ်ပရား၏ မိန်းမလှုပ်လာသည့်အတွက် ဦးလေးမောင် လေးဖက်ထောက်လျက်သားနောက်သို့ပြန်ဆုတ်သွားပြီး ခြင်ထောင်ထဲ ပြန်ဝင်သွားသည်။

ဤသို့လာနိူးလိုက်၊ ပြန်ဆုတ်လိုက်ဖြင့် တဖြည်းဖြည်း ညဥ့်နက်လာတော့သည်။ အိပ်ရေးပျက်လာသည်ဖြစ်သဖြင့် ဦးစွပ်ပရားမိန်းမစိတ်တိုလာပုံရသည်။ သည်တစ်ချိန်မှာတော့ဖြင့် မသိမသာလွှတ်ပေးလိုက်သည်။ ဦးစွပ်ပရားလေးဖက်ထောက်၍ ကလေးငယ်ပမာ အိပ်ခန်းအတွင်းသို့ အဝင် ....

"ဒါဘယ်လဲ ပြောစမ်း"

"အိမ်သာ...."

"ဘာပြောတယ်"

ဦးစွပ်ပရား၏ ခြေထောက်နှစ်ချောင်းကို နောက်မှဆွဲ 'မ' ထားသဖြင့်လယ်ထဲ၌ ထယ်ထိုးသလိုကြီး ဖြစ်နေသည်။

"သေနာကြီး ဒါအိပ်ခန်း၊ အိမ်သာမဟုတ်ဘူး။ သိပ်ချစ်နေကြတယ်ပေါ့လေ။ မိန်းမတစ်ယောက်တည်းကို နှစ်ယောက်ဝိုင်းချစ်မယ်ဆိုတဲ့ သဘောပေါ့ဟုတ်လား။ ကဲ သည်လောက်တောင်ချစ်တဲ့ဟာတွေ"

မီးဖိုချောင်ဓားမပြေးဆွဲချိန် လူရွှင်တော်ကြီးနှစ်ယောက်နဲ့ ဇယားမလေး ဝုန်းဒိုင်းကျဲ၍ဆင်းပြေးကြတော့သည်။ အရေးထဲ ညဥ့်ငှက်မလေးက .....

mgyoe.com

mgyoe.com

"ပိုက်ဆံမပေးရသေးဘူးနော်"

"ဩော် သောက်ကန်းမက တစ်မျိုး"

"ဒီည ဘယ်သွားရမှန်းတောင် မသိတော့ဘူး"

အဲဒါပါပဲ ညတွင်းချင်း ပလက်ဖောင်းမင်းသားနှစ်ယောက်နဲ့ မင်းသမီးတစ်ယောက်ဇာတ်ကား။ ဒါရိုက်တာကတော့ ဦးစွပ်ပရား မိန်းမပေါ့။ ဇာတ်ညွှန်း၊ ဇာတ်လမ်းက လူရွှင်တော်ကြီး ဦးလေးမောင် လေ။ ကိုင်း မချစ်ကြဘူးလားဗျာနော်။ အဲဒါနဲ့ပဲ အဲဒါပဲပေါ့ဗျာ။ အရမ်းချစ်လွန်းသော လူရွှင်တော်ကြီးနှစ်ယောက် တစ်ယောက်နဲ့ တစ်ယောက် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားသည်အထိကို ချစ်သွားကြပါတယ်။ ကိုလေးနဲ့ ကိုစွပ်ကို ဤစာမူလေးဖြင့် အမှတ် တရဂါရဝပြု ရေးသားလိုက်ရပါသည်။

* * *

## အမှတ်(၈)

ရှေးယခင်တုန်းကပေါ့နော်.....

လူရွှင်တော်ကြီးတွေမှာ တစ်ယောက်တစ်မျိုးဆိုးတတ်သလို တစ်ယောက်တစ်မျိုးဆီမှာလည်း အကျင့်ခေါ်မလား ဘာပြောရမလဲ ဝါသနာတစ်မျိုးဆီလို့ရေးရင်ရမယ်ထင်မိပါတယ်။ ဥပမာ ကြက် တိုက်တာ ဝါသနာပါသလို လောင်းကစား ဖဲ၊ ဂျင် စသည်ဖြင့်ပေါ့ လေ။ ဟုတ်ကဲ့အဲဒီလို တစ်ယောက်တစ်မျိုး ဝါသနာကိုယ်စီရှိကြတဲ့ အထဲမှာမှ လူရွှင်တော်ကြီးဦးတိမ်ရောင်က ဖဲနဲ့ဂျင်ကို ဝါသနာပါ

mgyoe.com

mgyoe.com


တယ်လို့ကြားမိပါတယ်။ အဲ တစ်ရက်မှာတော့ ဘဘဦးတိမ်ရောင် ဝိုင်းက အောင်ပွဲခံပြီး ပြန်လာချိန်မှာပေါ့။

"မင်း တော်တော်အသုံးမကျတဲ့ မိန်းမပဲ"

"အသုံးမကျလို့ လူရှင်တော်နဲ့ညားတာပေါ့။ အသုံးသာကျကြည့် ခုလောက်ဆို မင်းသားကတော် ဖြစ်နေလောက်ပြီ"

"မင်းစကားကို ကပ်တီးကပ်ဖဲ့မပြောနဲ့"

"ရှင့်လည်းပါးစပ်ကိုဆင်ခြင်လေ"

"တယ် ငါလက်ပါလိုက်ရ"

"ဦးသိန်းဒီ ဒါပြဇာတ်ကနေတာ မဟုတ်ဘူးနော်။ ဒီမယ်မြင်လား ဆေးလိပ်ခွက်ပြောင်နေတဲ့ မဟာနဖူး"

"ဟာ ဟေ့ ဟေ့ ဘာတွေဖြစ်နေကြတာလဲဗျာ။ ပတ်ဝန်းကျင် ကြားလို့ မကောင်းပါဘူး"

တိုက်ကြက်နှစ်ကောင်တည်ပြီး ခွပ်မယ်အလုပ် ကြားကကြက် ကုဆရာက ကြက်ကိုဇတ်ခနဲ ကောက်ကိုင်လိုက်တဲ့သဘော....

"လာအစ်ကို ဒီမှာဗျာ အစ်ကို့ ညီမရယ်"

"အေး ဘာဖြစ်လို့လဲ ပြောစမ်းပါဦး။ လင်ငယ်နေလို့လား"

"များနေတော့ မှတ်တောင် မမှတ်မိပါဘူးဗျာ၊ ဟာ အစ်ကိုက လည်းဗျာ"

"သိဘူးလေ မင်းတို့လင်မယားက စကားများတာတစ်ခါမှ မတွေ့ဖူးလို့ ဘာလဲပွဲချီကျဲနေလို့လား"

"အဲဒါလည်း ပါတာပေါ့ဗျာ။ ခုဟာက အစ်ကိုညီမရယ် ဘာမ ဟုတ်တာကို သံယောဇဉ်ကြီးနေလို့ ပြောနေရတာ"

"ဘာကို သံယောဇဉ်ကြီးနေတာလဲ ကလေးတွေလား"

mgyoe.com

"မဟုတ်ပါဘူး အစ်ကိုရာ၊ ဟဲ့ ခုနကဟာကို ချွတ်ပေးစမ်း"

"အို ဘာလို့ချွတ်ပေးရမှာလဲ"

"ဟာ...ဟ ဘာတွေတုန်း မင်းတို့ ဟာတွေနှယ်"

ဦးသိန်းဒီက ရုန်းကန်နေသော သူ၏မိန်းမကိုချုပ်၍ ဝတ်ထားသော လက်စွပ်ကိုယူ၍ ချွတ်လိုက်ပြီး

"ဒါ မနှစ်တုန်းက စပေါ်ယူပြီး ဝယ်ထားတာ ခုပေါက်ဈေးနဲ့ဆိုရင် တော်တော်လေးမြတ်နေပြီ"

"အေးလေ အဲဒါဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ အစ်ကိုရဲ့ ခုကလေးတွေကျောင်းအပ်ရတော့မယ်။ အိမ်ကလည်းထပ်စာချုပ်ရတော့မယ်လေ။ ဓာတ်ကစာချုပ်ဖို့ အနည်းလေးနှစ်လလောက်လိုနေတော့ ဒီလက်စွပ်ကို သွားပေါင်လိုက်ပါ စပေါ်ရတော့မှ ပြန်ရွေးမယ်ဆိုတာကို သူက လက်မခံဘူးလေ"

"မရှိဝမ်းစာရှိတန်ဆာ ဆိုပေမယ့်လည်း ကျွန်မကတော့ပြန်မရွေးနိုင်ရင် ဆုံးမှာစိုးလို့ပါအစ်ကိုရယ်"

"မင်းပြောလိုက်ရင် လမ်းဆုံးကြီးပဲတယ်.....ငါ"

"အံမယ် လာလေ ရှင်သတ္တိရှိရင် ရှေ့တစ်လှမ်းပဲတိုးလိုက်"

"ကဲ ကဲ တော်ကြပါတော့ကွာ ရပ်ကွက်ထဲက ပြောကုန်ဦးမယ်၊ အငြိမ့်သမားတွေ ဓာတ်သမားတွေ ပွဲမကရလို့ ရန်တွေဖြစ်ကုန်ပြီဆိုပြီး။ ကဲ ရော့ သုံးထောင် ငါပဲကြားက စိုက်ယူထားပေးမယ်။ အတိုးလည်းမယူဘူး ရွေးချင်တဲ့အခါ ပြန်ရွေးဟုတ်လား"

"ကျေးဇူးပါပဲအစ်ကိုရယ် ဟဲ့ ကောင်မရော့ ဈေးသွားဖို့လုပ်"

သည်လိုနဲ့ အဆင်ပြေသွားရောဗျ။ အဲ အဆင်မပြေတာက

mgyoe.com

mgyoe.com

ဦးတိမ်ရောင်ရယ်။ ပထမမူလက နိုင်ထားတဲ့ငွေလေးကို လက်စွပ် အပေါင်ခံလိုက်ပြီး ကျန်တဲ့ငွေလေးနဲ့ သွားပြန်ကစားတာ အနိုင်ငွေ တွေ ပြန်ရှုံးရောဗျ။ သည်တော့

"ကဲ ဟော့ ဟောဒီလက်စွပ်သုံးထောင်နဲ့ထားမယ်"

ဝိုင်းထဲ တရုတ်တစ်ယောက်က လက်စွပ်ကို ဇတ်ခနဲကောက် ယူလိုက်ပြီး ဖင်တစ်ပြန် ခေါင်းတစ်ပြန်ကြည့်ကာ

"မီးလောက်လဲ"

"သုံးထောင် ထောင်ကဲ"

တရုတ်က စိတ်ပျက်သော အမူအရာကြီးနဲ့ ခေါင်းခါပြတော့ ဦးတိမ်ရောင်က လက်ညှိုးနှစ်ချောင်းထောင်ပြပြီး

"နှစ်ထောင် နှစ်ထောင်"

တရုတ်ကထပ်ပြီး ခေါင်းခါပြန်ရော ဦးတိမ်ရောင်က ရှုံးက လည်းတော်တော်ရှုံးနေပြီ ငွေမျောငွေနဲ့လိုက်ရတော့မှာလေသည် တော့

"ကဲ တစ်ထောင်ပဲပေးဗျာ"

"အာရား တီပြားမှမီးရဘူး"

"ဘာပြောတယ် တစ်ပြားမှမရဘူး ဟုတ်လား"

"ဟုတ်တယ်လေ၊ စီးမြားဟာကြီးက အီတုကြီးဥစ္စာ"

"ဗျာ လက်စွပ်ကအတု ဟုတ်လား၊ သေချာရဲ့လားဗျာ"

"ကျုပ်က အီပေါင်ခံဆိုင်ဖွင့်ထားတယ်လေ"

"တောက် တွေ့ကြပြီပေါ့ သိန်းဒီရယ်"

ဝိုင်းထဲကနေ ငေါက်ကနဲ ထပြန်သွားရော။ ဦးသိန်းဒီအိမ်ရှေ့ ရောက်တော့ ဦးသိန်းဒီက စားသောက်ပြီး သွားကြားတံလေးထိုးပြီး

mgyoe.com